ကြေးမုံ The Mirror

၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (22-4-2008) (၅၆၅၆)

ဓမ္မစရိယာစ တေံ မင်္ဂလ မုတ္တမံ

တရားတော်နှင့်အညီ ကျင့်ကြံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

ထူးခြားသည့် နေ့အပူချိန်များ

၂၁-၄-၂၀၀၈

ချောက်
၄၅ ဒီဂရီစင်တီဂရိတ်
(၁၁၃ ဒီဂရီဖာရင်ဟိုက်)

ရွှေဘို၊
မုံရွာ၊
ညောင်ဦး၊
မကွေးနှင့်
မင်းဘူး
၄၄ ဒီဂရီစင်တီဂရိတ်စီ
(၁၁၁ဒီဂရီဖာရင်ဟိုက်စီ)

မြင်းခြံနှင့်
အောင်လံ
၄၃ ဒီဂရီစင်တီဂရိတ်စီ
(၁၀၉ဒီဂရီဖာရင်ဟိုက်စီ)



ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်တွေ မြို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံး ခန်းမတွင် အရာထမ်း၊ အမှုထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန် နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၉ ရက်တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကွမ်းတောင်ကျေးရွာ ပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပုဏ္ဏားကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်ငါးသိန်း၊ ကွမ်းတောင်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အသင်းဝတ်လုံချည်များနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်နှင့် စာနယ်ဇင်းများကို ပေးအပ်ပြီး တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က ကွမ်းတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းသုံးပုံနှိပ် စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးဝါးပစ္စည်းများနှင့် ဝတ်စုံ များကို ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့နယ် ဝါဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဝါဘိုကျေးရွာများမှ ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများအားတွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၂-၄-၂၀၀၈
(အင်္ဂါနေ့)

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ဖွင့်လှစ်

ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်

နိုင်ငံတော်အစိုးရသည် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး သာသနာ့တာဝန်များ ထမ်းရွက်တော်မူနေကြသည့် သံဃာတော်များ၊ သီလရှင်များကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။ ရန်ကုန်မြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် တောင်ကြီးမြို့တို့တွင် သံဃာ့ဆေးရုံများဖွင့်လှစ်ပေးထားပြီး စေတနာရှင် ပြည်သူများနှင့်အတူ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။

ယခုတစ်ဖန် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကို ဧပြီလ ၁၈ ရက်နေ့က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ သံဃာတော်အပါး ၂၅၀ ခန့်နှင့် သီလရှင်အပါး ၁၀၀ ခန့်တို့ ဝိနည်းတော်နှင့်အညီ တက်ရောက်ကုသနိုင်သည့် ခေတ်မီဆေးရုံသစ်ကြီးဖြစ်သည်။

ဆေးကုသဆောင် ၁၄ဆောင်နှင့် အထောက်အကူပြု အဆောက်အအုံများပါရှိသည့်အပြင် ခေတ်မီဆေးရုံကြီးတစ်ခု၏ အင်္ဂါရပ်များနှင့်အညီ ပြည့်စုံစေရန် ဖြည့်ဆည်းပေးထားသည်။

အဆိုပါ ဆေးရုံသစ်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် မန္တလေးမြို့၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့ပေါ်တို့ရှိ သံဃာတော် ငါးသောင်းကျော်နှင့် သီလရှင် ရှစ်ထောင်ကျော်တို့ကို ကျန်းမာရေးစောင့်ရှောက်တိုးမြှင့် ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် အထက်မြန်မာပြည်မှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များပါ ဆေးဝါးကုသမှု ခံယူနိုင်ကြမည်ဖြစ်သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် ရဟန်းတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသည့် ပစ္စည်းလေးပါးတို့ကို အလှူခံယူခွင့် သုံးဆောင်နိုင်ခွင့်ရှိကြောင်း ခွင့်ပြုတော်မူပြီး မကျန်းမာသည့် ဂိလာန သံဃာတော်များအား ဆေးဝါးကုသ ပြုစုစောင့်ရှောက်ကြရန် မိန့်မှာတော်မူခဲ့သည်။ မကျန်းမာသည့် ဂိလာနသံဃာတော်များအား ဆေးဝါးကုသပြုစုစောင့် ရှောက်ခြင်းသည် မြတ်စွာဘုရားရှင်အား လုပ်ကျွေးပြုစုရာ ရောက်ပေသည်။

သို့ဖြစ်၍ ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး) ဖွင့်လှစ်နိုင်သဖြင့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများနှင့် သီလရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနေ ဦးခင်စိုး-ဒေါ်သန်းဌေးဌေး၊ သမီး ဒေါက်တာ ဆုဝင်းမွန်၊ ဒေါ်ကြည်ဝင်းမွန်၊ ဒေါက်တာ အေးငြိမ်းစံမိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအမှုဆောင် ဆရာတော်(ဆိပ်ဖြူ) အရှင်ကုမာရ (M.A) (Thesis) မဟာမဂ္ဂါစရိယ ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဧပြီ ၁၃ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ရပ်မိ၊ ရပ်ဖများ၊ မြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ကျိုက်ထိုမြို့ကင်မွန်းစခန်း ကျေးရွာအထက်တန်းကျောင်း၌ ပတ်ဝန်းကျင် တောင်ပေါ်ကျေးရွာများမှ ဒေသခံ ရွာသူ၊ ရွာသားများ၊ ဒေသခံအသင်းဝင်များနှင့် တွေ့ဆုံ၍ ဆွေးနွေးမှာကြားပြီး ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဧပြီ ၁၄ ရက်တွင် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်ပရဟိတကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ သင်္ကြန်အက ဖြင့်ဖြေဖျော်မှုကို ကြည့်ရှုအားပေးကာ အလှူငွေများပေးအပ်ပြီး သထုံမြို့ဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဧပြီ ၁၅ ရက်တွင် ကျိုက်မရောမြို့၌ ပြည်နယ်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ ဦးစီးကျင်းပသည့် သင်္ကြန် ယိမ်းအကဖြင့် ကပြ ဖြေဖျော်မှုကို ကြည့်ရှုအားပေးပြီး ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအားဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဆရာတော် ဘဒ္ဒန္တ ဇောတိကအား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ ကျိုက်မရောမြို့ပေါ်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူလူထုအား စတုဒိသာ ကျွေးမွေးဧည့်ခံနေမှုကို ကြည့်ရှုအားပေးပြီး ကဒုံတိကျေးရွာ သင်္ကြန်ယိမ်းအဖွဲ့၏ကပြမှုကိုကြည့်ရှု၍ ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မုဒုံမြို့ ကျောက်တလုံးကျေးရွာရှိ ဝင်းစိန်တောရကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရအား ဖူးမြော်ကန်တော့၍ လျှောင်းတော်မူဘုရားကြီးအတွက် အလှူငွေများ လှူဒါန်းပြီး မုဒုံမြို့ ပိန္နဲတိုက်ကျောင်း ဆရာတော်အားလည်းကောင်း၊ ဂျုံးဂျုံးကျ တောရကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကိတ္တိဝဏ္ဏအားလည်းကောင်း ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာစာသင်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး မုဒုံမြို့ကန်ကြီးဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းအတွက် မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် သာယာအေးလမ်းမနေ ဦးထွန်းလွင်-ဒေါ်ရီရီ၊ သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ် ၅၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်နှင့် ဦးထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဆက်ကပ်လှူဒါန်း

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ မီးအိမ်ရှင် စာအုပ်တိုက်ပိုင်ရှင် ဆရာဝန် စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ပဲခူးတိုင်း ရွှေတောင်မြို့ အောင်မင်းခေါင် တောရမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ခုနစ်ရက် သား၊ သမီးများအတွက် ခန္ဓာပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းအခြေခံနှင့် အလုပ်ပေး တရားတော် နာယူနိုင်စေခြင်းအကျိုးငှာ ဦးစီးပဓာန နာယကဆရာတော်အား တရားပွဲအလှူငွေ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မနောရမ္မပညာဒါနသင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် ဗဟိုလမ်း၊ မနောရမ္မပညာဒါနကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယမိန္ဒ (သဒ္ဓမ္မဇောတိကဓဇ) ဦးစီး၍ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အီတလီ၊ စပိန်၊ ဂျာမနီဘာသာစကားနှင့် အီလက်ထရွန်နစ်၊ စီမံခန့်ခွဲမှုနှင့် LCCI I, II သင်တန်းများကို မေ ၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

၎င်းသင်တန်းများကို ဝါရင့် ဆရာ၊ ဆရာမကြီးများကိုယ်တိုင် ပညာဒါန သင်တန်းများတွင် သင်ကြားပို့ချပေးမည်ဖြစ်ရာ သင်တန်း တက်ရောက်သင်ယူလိုပါက ဖုန်း - ၅၃၇၀၂၆၊ ၅၁၈၀၂၄ တို့သို့ အမြန် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၁

ဆကာကြီးမြို့ မိတ္တီလာကျောင်းတိုက် လောကတ္တစရိယ ဓမ္မာရုံကြီး၌ ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော်၅ ရက် (သောကြာနေ့) မှတန်ခူးလပြည့်ကျော်၁၂ရက် (သောကြာနေ့) အထိ၊(ဧပြီ၂၅ရက်မှမေ၅ ရက်အထိ) ရှစ် ရက်တိုင် မိုးကုတ်ဝိပဿနာ တရားများကို မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း(မွေးမေမေတ္တာ) ဦးကောသလ္လက ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ မိတ္တီလာကျောင်းတိုက် ဆရာတော် ဦးစန္ဒာဝရထံ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

သုဝဏ္ဏမြို့ နေအောင်လမ်းသွယ်နေ ဖခင်ကြီး ဦးလှမြင့်အားရည်စူး၍ မိခင်ကြီး ဒေါ်ခင်စန်းရီ၊ ဒေါက်တာဇေယျ-ဒေါ်ခင်မြင့်ဝေ၊ဒေါ်ရီရီမြင့်၊ နန်းနေခြည်ဦး၊ ဦးခင်ဦးမောင်-ဒေါ်နီနီမြင့်၊ ဦးမျိုးမြင့်-ဒေါ်စန္ဒာဝင်း၊ ဦးစောအောင်-ဒေါ်မာလာမြင့်နှင့်သား၊ သမီး၊မြေးတစ်စုက ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ကြေးပိဋကတ်တော်အချပ်(၂၀) အလှူငွေကျပ် ၅၀၀၀၀၀ ကို လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

မဟာသုဝဏ္ဏစေတီတော် ထီးတော်တင်လှူမည်

ရန်ကုန် ဧပြီ ၂၁

ဧရာဝတီတိုင်း ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ် ရေကျော် ကျေးရွာမဟာဓမ္မိကာရာမ ပိဋကတ်ကျောင်းတိုက် (အရှေ့ကျောင်း) အတွင်းရှိ နှစ်ပေါင်း ၁၀၀ ခန့်က ပြုပြင်ကိုးကွယ်လာသော မဟာသုဝဏ္ဏစေတီတော်ကြီး ထီးတော်အသစ် တင်လှူပွဲကို ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် (၇-၈-၉) ရက်ညများတွင် အင်္ဂပူစိန်ဟသာ်အဖွဲ့ဖြင့် ည ၇ နာရီမှ ၁၀ နာရီအထိ ဧည့်ခံပူဇော်ပြီး တန်ခူးလပြည့်ကျော် ၁၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ထီးတော် တင်လှူပူဇော်ကာ ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။(က-ပ)

✱ ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးက ဝါဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဝတ်စုံများ၊ ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ အဝတ်အထည်များနှင့် ဝတ်စုံများ၊ စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဝါဘိုကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲရုံးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနတာဝန်ခံများ၊ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် စစ်တွေမြို့ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကြပြီး စစ်တွေ၊ ရသေ့တောင်နှင့် မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသို့ ငွေကျပ်ငါးသိန်းစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ကြေးမုံ The Mirror သတင်းမှတ်တမ်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်လှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၏ မြို့နယ်အားကစားကွင်းအတွင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဧပြီ ၂၁ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သန်းနှင့် အလုံအချိုရည်နှင့် ရေခဲစက်ရုံ စက်ရုံမှူး ဦးသက်တင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အထူးဈေးရောင်းပွဲတော်မှခ်ဦးအား အထူးဈေးရောင်းပွဲတော်ကျင်းပရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းနောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဗိုလ်မှူးကြီးဝင်းနောင်နှင့် တာဝန်ရှိသူများသည် ဈေးရောင်းပွဲတော် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ဧပြီ ၂၁ ရက်မှ ၃၀ ရက်အထိ နံနက် ၈ နာရီမှ ညစနာရီအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

ကျောင်းကြိုပို့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်သည် ဧပြီ ၂၁ ရက် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ လှိုင်သာယာမြို့နယ် နည်းပညာတက္ကသိုလ်၌ ကျောင်းကြိုပို့ ပြေးဆွဲလျက်ရှိသော ကြိုပို့ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i. Channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် E.mail. သင်တန်းအမှတ်စဉ်(၄/၂၀၀၈)ကို မေ ၅ ရက်မှ စတင်၍ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉ တွင် ရယူ၍ မေ ၂ ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းစီစဉ်မှု Han Sein Thant Engineering & Trading ၏ ပံ့ပိုးကူညီမှုဖြင့် ဧပြီ ၂၆ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ပါမောက္ခ ဦးမော်သန်း၊ ပါမောက္ခ ဒေါ်လှမြင့်တို့က Social Enterprise ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဆွေးနွေးပွဲ (Forum)ပုံစံဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

နယ်စပ်ဖြတ်ကျော် ကြက်ငှက်တုပ်ကွေးရောဂါသတိပေးနှိုးဆော်ချက်

(၂၂-၄-၂၀၀၈)

၁။ **အိမ်နီးချင်းနိုင်ငံများ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်း**

(က) မြန်မာနိုင်ငံအနောက်ပိုင်း အိမ်နီးချင်းနိုင်ငံများ၌ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ၊ ၂၀၀၇ ခုနှစ် မတ်လ၊ ဇူလိုင်လ၊ စက်တင်ဘာလ၊ ၂၀၀၈ ခု ဇန်နဝါရီလများတွင် ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 အကြိမ်ကြိမ် ဖြစ်ပွားလျက်ရှိရာ ကြက်ကောင်ရေ (၄)သန်းခွဲကျော် သုတ်သင်ရှင်းလင်းခဲ့ပြီး ယခုအချိန်အထိ ၎င်းဒေသအတွင်း ပြောက်ကျားဖြစ်ပွားမှုရှိကြောင်း၊

(ခ) ကမ္ဘာ့ကုလသမဂ္ဂစနစ်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးနှင့် လူတုပ်ကွေးအကြီးတန်း ပေါင်းစပ်ညှိနှိုင်းရေးမှူးရုံးအနေဖြင့် အထက်ဖော်ပြပါ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးသည် ဒေသအတွင်း တွယ်ကပ်ခိုအောင်း အမြစ်တွယ်သည့်အနေအထား ရောက်ရှိနိုင်သည့် အခြေအနေ ဖြစ်ပေါ်လာနိုင်ကြောင်း၊ လူသို့ကူးစက်နိုင်မှုနှင့် အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့နိုင်မှုအပေါ် စိုးရိမ်ကြောင်း၊

၂။ **နယ်စပ်ဖြတ်ကျော် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး။** မြန်မာနိုင်ငံနယ်စပ်ဒေသ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်များအတွင်းရှိ ကြက်၊ ဘဲ၊ ငှက် မွေးမြူထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် ပြည်သူလူထုအနေဖြင့် အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းရပ်များတွင် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(က) **နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ထွက်ပစ္စည်းများ။** နည်းမျိုးစုံဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော ကြက်၊ ဘဲ၊ ငှက် အရှင်များနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ၊ ကြက်၊ ဘဲသားပေါက်များ၊ ကြက်ဥ၊ ဘဲဥများ ပြုပြင်ထုတ်လုပ်ထားသော ကြက်သား၊ ဘဲသားများ၊ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးများအား တားဆီးပိတ်ပင်ရေးနှင့် ရောင်းဝယ်သုံးစွဲခြင်း မပြုရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

(ခ) **ဇီဝလုံခြုံမှုမြှင့်တင်ရေး။**

၁။ နယ်စပ်ဒေသ စီးပွားဖြစ်နှင့် တစ်နိုင်တစ်ပိုင် ကြက်၊ ကြက်ဆင်၊ ဘဲ၊ ငုံး၊ ငန်း၊ မန်ဒါလီ စသည့် မွေးမြူရေးတိရစ္ဆာန်များအား ရောနှောမွေးမြူခြင်းမပြုဘဲ သီးခြားခြံငယ်များဖြင့် စနစ်တကျမွေးမြူရန်၊

၂။ နယ်စပ်ဒေသ မွေးမြူရေး ကြက်ငှက် တိရစ္ဆာန်များအား သဘာဝငှက်ရိုင်းများနှင့် ထိတွေ့မှုမရှိရေး သတိပြုရန်၊

၃။ နယ်စပ်ဒေသ စီးပွားဖြစ်ကြက်ခြံနှင့် တစ်နိုင်တစ်ပိုင် ကြက်ခြံငယ်များ၏ ဇီဝလုံခြုံမှုနှင့် ပိုးသတ်ဆေးဖျန်းမှု၊ လူဝင်လူထွက်ထိန်းချုပ်မှု စီမံဆောင်ရွက်ရန်၊

(ဂ) **သတင်းပေးပို့ရေး။** ကြက်ငှက်များ ထူးခြားစွာနာဖျားမှု၊ သေဆုံးမှုရှိလျှင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ သတင်းပေးပို့ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

● ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

လန်ဒန်နှင့်ပါရီ ပြေးဆွဲသည့် ယူရိုစတားရထား ၁၀ နာရီနီးပါး နောက်ကျပြီးမှ ပါရီသို့ရောက်ရှိ

ပါရီ ဧပြီ ၁၉

ဗြိတိန်နိုင်ငံလန်ဒန်မြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ထွက်ခွာလာသော ယူရိုစတားရထားသည် ဧပြီ ၁၉ ရက်က ပုံမှန်အတိုင်း ဝင်ရောက်ရမည့် အချိန်ထက် ၁၀ နာရီနီးပါး နောက်ကျပြီးမှ ပါရီသို့ ဆိုက်ရောက်လာသည်။

ထိုခရီးစဉ်အတွင်း အခြေအနေမကောင်းသဖြင့် ခရီးသည်များကို နှစ်ကြိမ်တိုင်တိုင် ရထားပြောင်းပေးခဲ့ရသည်။ သာမန်အခြေအနေတွင် လန်ဒန်-ပါရီ ယူရိုစတားရထားသည် ခုတ်မောင်းချိန်နှစ်နာရီနီးပါးသာ ကြာလေ့ရှိသည်။ ထိုရထားခရီးစဉ်အတွင်း စက်မှုနည်းပညာပိုင်းဆိုင်ရာ ပြဿနာများကြောင့်နောက်ကျမှုဖြစ်ရသည်မှာ လက်မခံနိုင်စရာပင်ဖြစ်ကြောင်း ပြင်သစ်ရထားလုပ်ငန်း ခရီးသည်ပို့ဆောင်ရေးပိုင်းမှဒါရိုက်တာ မီရီလီပူဂီရီက ပြောကြားသည်။ ၂၀၀၇ ခုနှစ်တွင် ယူရိုစတားရထားသည် ခရီးသည် ၈ဒသမ၂၆သန်းကို ပို့ဆောင်ပေးနိုင်ခြင်းဖြင့် စံချိန်တင်ခဲ့သည်။ ယခုနှစ် ပထမသုံးလပတ်အတွင်း ယူရိုစတားရထားသည် ယခင်နှစ် အလားတူအချိန်ကထက် ခရီးသည် ၂၁ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုပို့ဆောင်ပေးနိုင်ခဲ့ကြောင်း စာရင်းများက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ပြည်ပရောက် တရုတ်နိုင်ငံသားများက အနောက်မီဒီယာများ၏ တစ်ဖက်သတ်ဖော်ပြမှုများအား ကန့်ကွက်ဆန္ဒပြနေကြသည်ကို ဧပြီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီကွေဒေါ ညကပွဲရုံ၌ မီးလောင်မှုဖြစ်ပွား ၁၅ ဦးထက်မနည်း သေဆုံး

ကွီတို ဧပြီ ၂၁

အီကွေဒေါနိုင်ငံ ကွီတိုမြို့ရှိ လူစည်ကားသည့် ညကပွဲရုံတစ်ခု၌ ဧပြီ ၁၉ရက်က မီးရှူးမီးပန်းလွှတ်ရာမှ မီးလောင်မှုဖြစ်ခဲ့သည်။ အဆိုပါ မီးလောင်မှုတွင် လူ ၁၅ ဦးထက်မနည်း သေဆုံးပြီး ၃၅ဦးဒဏ်ရာရရှိကြောင်း အရေးပေါ်ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

တောင်ထူထပ်သည့် မြို့တော်ကွီတိုတွင် အဆိုပါမီးလောင်မှုသည် ဆယ်စုနှစ်တွင် အဆိုးရွားဆုံးမီးလောင်မှုတွင်ပါဝင်ခဲ့သည်။ ထိုအရပ်ရှိ စားသောက်ဆိုင်နှင့် ညကပွဲရုံများတွင် အရေးပေါ်ထွက်ပေါက်များမှာ သော့ခတ်ထားကြသည်။

ကယ်ဆယ်ရေး ဝန်ထမ်းများက သေဆုံးသူများ၏အလောင်းများကိုရှာဖွေလျက်ရှိသည်။

အဆောက်အအုံအတွင်း မီးပန်းများလွှတ်သည့်အတွက် မီးလောင်ခဲ့ရခြင်းဖြစ်သည်ဟု ကွီတိုမီးသတ်ဌာနအကြီးအကဲက ဒေသဆိုင်ရာအသံလွှင့်ဌာနသို့ ပြောကြားသည်။ မီးလောင်ချိန်က အရေးပေါ်ထွက်ပေါက်တံခါးများသည် သော့ခတ်ထားသည့်အဖြစ်နှင့် ကြုံတွေ့ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ရောမမြို့ တည်ထောင်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပနေသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။ *(ရောမမြို့ကို ဘီစီ ၇၅၃၊ ဧပြီ ၂၁ ရက်တွင် တည်ထောင်ကြောင်း သိရသည်။)*

(ဓာတ်ပုံ-အင်တာနက်)

BBC၏ ချဲ့ကားထုတ်လွှင့်သည့် သတင်းအပေါ်မကျေနပ်၍ တရုတ်လူမျိုး ၂၀၀၀ခန့် ဗြိတိန်တွင် ဆန္ဒပြ

မန်ချက်စတာ ဧပြီ ၂၁

မန်ချက်စတာနှင့် ဗြိတိန်နိုင်ငံ အလယ်ပိုင်းဒေသရှိ မြို့များတွင် လေ့လာနေသူများ သို့တည်းမဟုတ် အလုပ်လုပ်ကိုင်နေသူ တရုတ်လူမျိုး ၂၀၀၀ ကျော်တို့က ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း(BBC)၏ ချဲ့ကားရေးထားသည့် သတင်းထုတ်လွှင့်ချက်ကို မကျေနပ်သဖြင့် BBC အဆောက်အအုံ၏ ရှေ့မျက်နှာစာတွင် စနေနေ့က ငြိမ်သက်စွာ ဆန္ဒပြခဲ့ကြသည်။

မီဒီယာများအနေဖြင့် တရုတ်နိုင်ငံ သတင်းပေးပို့ရာတွင် တရားသဖြင့် မျှတစွာ ရေးသားထုတ်လွှင့်စေရန်အတွက် မိမိတို့ ဆန္ဒပြခြင်းဖြစ်ကြောင်း၊ ဗြိတိန်မှ ပြည်သူများအနေဖြင့် တရုတ်နိုင်ငံသို့သွားရောက်ကာ လက်တွေ့လေ့လာစေရန် မိမိတို့ တိုက်တွန်းကြောင်း၊ မီဒီယာကြောင့် ပြည်သူလူထု ရေလိုက်မလွဲစေသင့်ကြောင်း စသည်ဖြင့် ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဝိုင် ၂၇ ပုလင်းကို ဒေါ်လာ ၅၀၀၀၀ ပေး၍ ဝယ်ယူ

လန်ဒန် ဧပြီ ၁၉

တရုတ်နိုင်ငံ ပေကျင်းမြို့မှ ဘီလီယံနာသူဌေးတစ်ဦးသည် ဝိုင်အနီ ၂၇ ပုလင်းကို စံချိန်တင်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေး၍ ချက်ချင်း ဝယ်ယူလိုက်ကြောင်းလန်ဒန်အခြေစိုက် ရှေးဟောင်းဝိုင်ကုမ္ပဏီက စနေနေ့တွင် ပြောကြားသည်။

အဆိုပါ ဝိုင် ၂၇ ပုလင်းတွင် ၁၉၇၈ ခုနှစ်ထုတ် ရိမန်းနီကောတီ ၁၂ ပုလင်း၊ ၁၉၆၁၊ ၁၉၆၆၊ ၁၉၉၆၊ ၂၀၀၃ ခုနှစ်ထုတ် ၂ပုလင်းစီ၊ ၁၉၈၁၊ ၁၉၉၀၊ ၁၉၉၂၊ ၁၉၉၅၊ ၁၉၉၉၊ ၂၀၀၁ နှင့် ၂၀၀၂ ခုနှစ်ထုတ် တစ်ပုလင်းစီ ပါဝင်သည်။အတွဲတစ်တွဲတည်းနှင့်ရရှိသော အောင်မြင်မှုများတွင် ဈေးနှုန်းအမြင့်ဆုံး ရရှိခြင်းဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ စတီဖင်ဝီလီယံက ရိုက်တာသတင်းဌာနသို့ စနေနေ့တွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်ပြည်တောင်ပိုင်း တိုင်ဖုန်းမုန်တိုင်းတိုက်ပြန်

ကွမ်ကျိုး ဧပြီ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်းတွင် နီဂူရီတိုင်ဖုန်းမုန်တိုင်းသည် ဒုတိယအကြိမ်အဖြစ် စနေနေ့က တိုက်ခတ်ကြောင်း၊ ယင်းကြောင့်မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းကျရောက်ကြောင်း မိုးလေဝသပညာရှင်တစ်ဦးက ပြောကြားသည်။

ဂွမ်ဒေါင်းပြည်နယ်၊ ဂွမ်ဇူမြို့တော် မိုးလေဝသဌာန၏ ပြောကြားချက်အရ လေပြင်းသည် တစ်နာရီလျှင် ၆၁ကီလိုမီတာနှုန်းဖြင့်တိုက်ခတ်ကြောင်းသိရသည်။

တိုင်ဖုန်းမုန်တိုင်းကြောင့် ဂွမ်ဒေါင်းပြည်နယ် နေရာအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းသည်။ ရှန်ချောင်းကျွန်းတွင် တစ်နာရီလျှင် မိုးရေချိန် ၂၆၀ မီလီ မီတာကျော်၊ ပြည်နယ်၏အနောက်ပိုင်းမြို့များတွင် မိုးရေချိန် ၁၀၀မီလီမီတာ ကျော်ရွာသွန်းကြောင်း မိုးလေဝသဌာနအကြီးအကဲ လင်လီယန်ဝန်က ပြောကြားသည်။

အမ်အေအင်၊ဆင်ဟွာ။

ကလေးများ ရုပ်သံကြည့်ရှုချိန်နည်းပါးအောင်လုပ်နိုင်လျှင် အဝလွန်သည့်အခြေအနေသို့ မရောက်အောင် ထိန်းနိုင်ဖွယ်ရှိကြောင်း သိရ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၀

ကလေးများအား ရုပ်မြင်သံကြားကြည့်ရှုချိန် နည်းပါးသွားအောင် ဆောင်ရွက်ပေးပြီးလေ့ကျင့်ခန်းပြုလုပ်ချိန်နှင့် အားကစားပြုလုပ်ချိန်များလာအောင် ဖန်တီးပေးနိုင်မည်ဆိုပါက ကလေးငယ်များကို အဝလွန်သည့်အဖြစ်သို့ မရောက်အောင်ထိန်းသိမ်းနိုင်ဖွယ်ရာရှိကြောင်း သုတေသန လေ့လာချက်များအရ သိရသည်။

နှစ်နာရီအများဆုံးကန့်သတ်

တစ်နေ့လျှင် အားကစားချိန်ပိုတိုးပြီး ရုပ်မြင်သံကြားကြည့်ရှုချိန်ကို နှစ်နာရီအထိသာ အများဆုံးကန့်သတ်ထားသင့်သည်ဟု ပညာရှင်များကအကြံပြုသည်။ သို့သော် ကလေးအများစုမှာ ဖော်ပြပါ အကြံပြုချက်အတိုင်း လိုက်နာလုပ်ရှားရန် ပျက်ကွက်ကြသည်ကို တွေ့ရသည်ဟု အိုင်အိုဝါးပြည်နယ် တက္ကသိုလ်၏ လေ့လာချက်က ဖော်ပြသည်။

အိုင်အိုဝါးပြည်နယ်နှင့် မင်နီဆိုတာပြည်နယ်တို့မှ အသက် ခုနစ်နှစ်မှ ၁၂ နှစ်အရွယ်ရှိ ကလေးပေါင်း ၇၀၉ ဦးတို့ကို လှုပ်ရှားမှုတိုင်းတာသော ပီဒိုမီတာ ကိရိယာများ ထုတ်ပေး၍ လည်းကောင်း၊ သီတင်းတစ်ပတ် အတွင်း ရုပ်မြင်သံကြားကြည့်ရှုချိန်ကို တိုင်းတာ၍ လည်းကောင်း လေ့လာရာမှ အထက်ပါအချက်ကို သိရှိရခြင်းဖြစ်သည်ဟုဆိုသည်။ အင်တာနက်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေ စင်ကာပူတွင် သိသာစွာ များပြား

စင်ကာပူ ဧပြီ ၁၉

စင်ကာပူနိုင်ငံတွင် ၂၀၀၈ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ဦးရေသည် ၁၄၀၀ ရှိကြောင်း၊ ယခင်နှစ်အလားတူ အချိန်ကထက် ရောဂါဖြစ်ပွားသူ ၄၇ဒသမ၃ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း သတင်း၌ ဖော်ပြသည်။

ထုတ်ပြန်ချက်

ဖော်ပြပါ ရောဂါသည် အရေအတွက်သည် ၂၀၀၈ခုနှစ် ဇန်နဝါရီလမှ ဧပြီ ၁၂ရက်အထိ ကာလအတွင်း သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူများ၏စာရင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ စင်ကာပူ ချယ်နယ်နယူးစ်အေရှ သတင်းက ဖော်ပြခြင်းဖြစ်သည်။

ဆောက်လုပ်ရေး လုပ်ငန်းများသည် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုပေါများရာ နေရာများ ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဂျိမ်းစ်ဘွန်းရုပ်ရှင်ဇာတ်လမ်းတွဲများတွင် နောက်ဆုံးရိုက်ကူးသော ကွမ်တမ်အော့ဖ်ဆိုလေ့စ်ဇာတ်ကား၌ ပါဝင်သူ ခေါင်းဆောင် မင်းသား ဒယ်နီယယ်ကရိတ်နှင့် သရုပ်ဆောင်များကို ဧပြီ ၁၉ ရက်က အီတလီ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကလင်တန်နှင့်အိုဘားမား အပြန်အလှန်ဝေဖန်တိုက်ခိုက်ကြ

ဂျုန်း(စ်)တောင်း(ပင်ဆယ်ဗေးနီးယား) ဧပြီ ၂၁

အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် အရွေးခံရရန် ယှဉ်ပြိုင်နေကြသော ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည် တနင်္ဂနွေနေ့က တစ်ဦးနှင့်တစ်ဦး ဝေဖန်တိုက်ခိုက်ပြောကြားကြသည်။

ဝေဖန်

အိုဘားမားက ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်း အပါအဝင် သမ္မတလောင်းသုံးဦးလုံးသည် လက်ရှိသမ္မတ ဂျော့ဒဗလျူဘုရှ်ချ်ထက်သာသည်ဟုပြောကြားချက်ကိုကလင်တန်က ဝေဖန်လိုက်သည်။

ပြောကြား

ဂျွန်မက်ကိန်းကို အနိုင်ယူမည့် သမ္မတလောင်းကို အလိုရှိကြောင်း၊ ဂျွန်မက်ကိန်းကို ချီးကျူးဂုဏ်ပြုသော သမ္မတလောင်းကို အလိုမရှိကြောင်း ဂျုန်း(စ်)တောင်းမြို့ လူထု အခမ်းအနားတွင် ကလင်တန်က ပြောကြားသည်။

တိုက်ခိုက်ပြောကြား

စနေနေ့မှစ၍ ၎င်းတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး စကားနာထိုးကာ အပြန်အလှန် တိုက်ခိုက် ပြောကြားလာကြသည်။

ကလင်တန်သည် ၎င်း၏ခင်ပွန်း သမ္မတဖြစ်စဉ်က အမေရိကန်၏ အကျိုးစီးပွားအတွက် မည်သည့်စကားများပြောခဲ့သည်။ မည်သည့်ကိစ္စများဆောင်ရွက်ခဲ့သည်ကို မေးမြန်းလိုကြောင်း ရီဒင်းမြို့ခန်းမ၌ ကျင်းပသော မဲဆွယ်ပွဲတွင် အိုဘားမားက မေးခွန်းထုတ်လိုက်သည်။

အမ်အင်အေ၊ရိုက်တာ။



ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ်အရွေးခံရန် ယှဉ်ပြိုင်လျက်ရှိသော ဘာရက်အိုဘားမားနှင့် ကလင်တန်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာသတင်းများ

စားနပ်ရိက္ခာထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများက ဆောင်ရွက်ကြရန် ကုလသမဂ္ဂနှိုးဆော်

အက္ကရာ ဧပြီ ၂၁

ကမ္ဘာတစ်ဝန်းရှိ အစိုးရများအနေဖြင့် စားနပ်ရိက္ခာထုတ်လုပ်မှုအပေါ် ကိုက်ညီမည့် ဈေးကွက်တစ်ခုသာ အားကိုးအားထားမပြုသင့်ဘဲ စားနပ်ရိက္ခာထုတ်လုပ်မှုတိုးမြှင့်မှုအပေါ် အရေးယူဆောက်ရွက်သင့်ကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေး(အန့်တက်) အကြီးအကဲဖြစ်သူ ဆူပါချိုင်းပါနစ်ဟက်ဒီက စနေနေ့တွင် ပြောကြားသည်။

မိမိတို့အနေဖြင့် ဈေးနှုန်းက အကောင်းဆုံးထုတ်လုပ်မှုကို ဆုံးဖြတ်ပေးနိုင်သည်ဟု တွေးထင်ခဲ့ကြကြောင်း၊ သို့ရာတွင် ယခုအခါ ကြီးမားသည့်ဝယ်လိုအား၊ ရာသီဥတုအခြေအနေများ၊ လောင်စာဈေးနှုန်းများကြောင့် ဈေးကွက်အလိုက်စားနပ်ရိက္ခာ ထုတ်လုပ်နိုင်စွမ်းမရှိခဲ့သည်ကို တွေ့ရှိခဲ့ရပြီဖြစ်ကြောင်း ဆူပါချိုင်းက အန့်တက်ညီလာခံတွင် ပြောကြားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများအား သာသာထိုးထိုး ထောက်ပံ့မှုများပေးကြရန် ၎င်းက မေတ္တာရပ်ခံသည်။

ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာပြဿနာဖြစ်ရခြင်း အကြောင်းသည် အဓိကအားဖြင့် လူဦးရေ အလျင်အမြန်တိုးလာမှု၊ ရာသီဥတုပြောင်းလဲမှု၊ လောင်စာဈေးနှုန်းများ ကြီးမြင့်မှုနှင့် ဇီဝလောင်စာထုတ်လုပ်မှုကြောင့် ဖြစ်ရသည်ဟု ၎င်းက ပြောကြားသည်။

၂၀၀၂ ခုနှစ်နောက်ပိုင်းတွင်စားနပ်ရိက္ခာဈေးနှုန်းမြင့်ခဲ့သည်။ ကမ္ဘာ့ဂျုံဈေးနှုန်းသည် ၁၈၁ ရာခိုင်နှုန်းထိမြင့်တက်ခဲ့ပြီးအထွေထွေစားနပ်ရိက္ခာဈေးနှုန်းသည် ၈၃ ရာခိုင်နှုန်းထိ လွန်ခဲ့သည့် သုံးနှစ်အတွင်း မြင့်တက်ခဲ့သည်ဟုကမ္ဘာ့ဘဏ်အစီရင်ခံစာအရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စားသုံးသူ ကာကွယ်စောင့်ရှောက်ရေးဥပဒေ ချိုးဖောက်သူများကို သီရိလင်္ကာအစိုးရ အရေးယူ

ကိုလံဘို ဧပြီ ၂၁

သီရိလင်္ကာနိုင်ငံတွင် အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်ကိုလက်လီဈေးနှုန်းထိန်းချုပ်သည့် အစိုးရ၏ အမိန့်ကို ဖီဆန်သူ ဆန်ကုန်သည်များအား သီရိလင်္ကာအစိုးရက အရေးယူရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း စနေနေ့က ပြောကြားသည်။

မိမိတို့က စားသုံးသူ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ချမှတ်ဖော်ဆောင်နေပြီးဥပဒေချိုးဖောက်သူများအား အရေးယူမည်ဟု ကုန်သွယ်ရေးဝန်ကြီး ဘန်ဒူလာဂူနာဝါဒင်နာက သတင်းထောက်များသို့ ပြောကြားသည်။

သီရိလင်္ကာအစိုးရက ဧပြီ ၁၆ ရက်တွင် ဆန်ဈေးနှုန်း ထိန်းချုပ်ရန်အတွက် အထူးကြေညာချက်ထုတ်ပြန်ခဲ့သည်။

သတ်မှတ်ထား

အစိုးရက ဆန်လက်လီဈေးကို ရူပီး ၇၀ ထက် မကျော်စေရန် သတ်မှတ်ထားသည်။

ကြေညာခဲ့

အချို့သော ဆန်ဈေးနှုန်းသည် တစ်ကီလိုလျှင် ရူပီး ၁၀၀ကျော်ရှိနေသည့်အတွက် အစိုးရက ယင်းသို့ အရေးယူရန် ကြေညာခဲ့ခြင်းဖြစ်သည်။

အစိုးရသတ်မှတ်ဈေးထက် ဆန်ဈေးမြှင့်တင်ရောင်းချသူ လက်ကားဈေးသည်အချို့ကို စားသုံးသူရေးရာအာဏာပိုင်အဖွဲ့က ဖမ်းဆီးခဲ့သည်။

ကိုလံဘိုမြို့လယ်ရှိ ဆန်လက်ကားဈေးသည်များသည် အစိုးရ၏ ကြေညာချက်ကို မလိုက်နာကြကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပေကျင်း အိုလံပစ်မီးရှူးတိုင်ကို မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူမြို့တွင် ဧပြီ ၂၁ရက်က စတင်သယ်ယူရာ အပြေးသမားတစ်ဦးလက်သို့ မီးရှူးတိုင်လွှဲပြောင်းပေးနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မူးယစ်ဆေးဝါး သယ်ဆောင်လာသည့်လေယာဉ် ပီရူးရဲတပ်ဖွဲ့ကဖမ်းဆီး၊ လေယာဉ်မှူးသေဆုံး

လီမာ ဧပြီ ၂၀

မူးယစ်ဆေးဝါးများသယ်ဆောင်လာသည့် လေယာဉ်တစ်စင်းကို ပီရူးရဲတပ်ဖွဲ့က ဧပြီ ၁၉ရက်က ဖမ်းဆီးရာ လေယာဉ်မှူးတစ်ဦးသေဆုံးပြီး လေယာဉ်အမှုထမ်းနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

စစ်ဆေးတွေ့ရှိ

ဘိုလီးဗီးယားနိုင်ငံမှ ပျံသန်းလာသည့် အဆိုပါလေယာဉ်ကို ပီရူးနိုင်ငံအရှေ့တောင်ပိုင်း နယ်စပ်ဒေသတွင် ဖမ်းဆီးခဲ့သည်။ လေယာဉ်မှူးနှင့် အမှုထမ်းနှစ်ဦးတို့သည် ကိုကင်းသယ်ဆောင်လာခဲ့သည်ကို ပီရူးရဲတပ်ဖွဲ့က စစ်ဆေးတွေ့ရှိခဲ့သည်။

၎င်းတို့ကို လိုက်လံဖမ်းဆီးစဉ် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားပြီး ဘိုလီးဗီးယားနိုင်ငံသား လေယာဉ်မှူးသေဆုံးခဲ့ပြီး ပီရူးနှင့် ဘိုလီးဗီးယားနိုင်ငံသားတို့ ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်ဒေါ်လာ ၃၂၀၀၀ တန်ဖိုးရှိ ကိုကင်း ကီလို ၂၅၀ နှင့် လက်နက်ခဲယမ်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ၏ ဗီနာဆက်-၁ နှင့် ဘရာဇီးနိုင်ငံ၏ စတားဝမ်းစီ-၂ ဂြိုဟ်တုများကိုသယ်ဆောင်သွားသည့် အရိန်း-၅ဒုံးပျံကို ဧပြီ ၁၈ရက်က ပြင်သစ်ဂိုင်ယာနာမှ လွှတ်တင်လိုက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်က ဆာဒါစီးတီးမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်မှုအပေါ် အီရတ်ဆိုင်ရာ အီရန်သံအမတ်ကြီး ပြင်းထန်စွာ ဝေဖန်ပြောကြား

ဘဂ္ဂဒက် ဧပြီ ၂၁

အမေရိကန်စစ်ဘက်က ဘဂ္ဂဒက်မြို့တော်ရှိ ရှီးယိုက်များနေထိုင်ရာ ဆာဒါစီးတီးမြို့ကို စစ်ဆင်တိုက်ခိုက်သဖြင့် အရပ်သူအရပ်သား အများအပြားသေဆုံးခဲ့မှုအပေါ် အီရတ်ဆိုင်ရာ အီရန်သံအမတ်ကြီးက စနေနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

မြို့များကို လက်နက်ကြီးများဖြင့်ပစ်ခတ်ပြီး လူအများအပြားဖမ်းဆီးမှုအပေါ် မိမိတို့ဝေဖန်ကြောင်း၊ ယင်းသို့ပြုလုပ်ခြင်းဖြင့် အခြေအနေများသည် ပိုမိုဆိုးရွားလာစေမည်ဟု သံအမတ်ကြီး ဟက်ဆန်ကာဇီမီကိုမီက အီရန်သံရုံးတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမေရိကန်က ဆာဒါစီးတီးမြို့ကို ဝိုင်းဝန်းထားသဖြင့် အပြစ်ကင်းမဲ့သူများ သေဆုံးစေပြီး အကျိုးမဲ့ရလဒ်များပေါ်ပေါက်စေသည့် အမှားများသာ ဖြစ်ပေါ်လာပြီး အီရတ်အစိုးရအပေါ်တာဝန်ရှိသည်ဟု ၎င်းသံအမတ်ကြီးက ပြောကြားသည်။

အီရတ်အစိုးရက ဘာဆရာမြို့ရှိ ရှီးယိုက်ပြည်သူ့စစ်များအပေါ် မတ် ၂၅ ရက်က စတင်ထိုးစစ်ဆင်နွှဲမှုကို မိမိတို့နိုင်ငံက ထောက်ခံသည်ဟု ၎င်းက ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်သုံးပတ်အတွင်း ရှီးယိုက် ပြည်သူ့စစ်များနှင့် အီရတ်၊ အမေရိကန်တပ်ဖွဲ့ဝင်များအတွင်း ပြင်းထန်သည့်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ အမေရိကန်စစ်ဘက်က လူနှစ်သန်းနေထိုင်သည့် လင်ခရိုင်ကို လေကြောင်းမှ ကြိမ်ဖန်များစွာ တိုက်ခိုက်ခဲ့ရာ လူရှစ်ဦး သေဆုံးခဲ့ပြီး အခြားလူ ၆၁ ဦး ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အနှစ်က ... စေတနာ

လေ့လာသူတစ်ဦး

မြန်မာနိုင်ငံသည် အခြေခံဥပဒေနှစ်ခုကျင့်သုံးခဲ့ဖူးသည်။၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ဖြစ်သည်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)မှစတင်၍ ထိုအခြေခံဥပဒေကို ကျင့်သုံးခဲ့ သည်။ ထိုအခြေခံဥပဒေနှင့်အညီ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ရာ ပါတီနိုင်ငံရေးသမားများ၏ အလွဲသုံးစားပြုမှုများကြောင့် ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင် ထိုအခြေခံဥပဒေပျက်ပြယ်ခဲ့ရသည်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လမ်းစဉ်ပါတီခေတ်၌ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုခဲ့သည်။ ၁၉၇၄ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် မဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းကျော်၏ ထောက်ခံမဲဖြင့် ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ထိုအခြေခံဥပဒေသည် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့ရာ တစ်ပါတီစနစ်၏ အားနည်းချက်များကြောင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပျက်ပြယ်ခဲ့ရသည်။

ယင်းအခြေခံဥပဒေနှစ်ခု ပျက်ပြယ်ခဲ့မှုကြောင့် မြန်မာနိုင်ငံတွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရန် လိုအပ်ခဲ့သည်။ သို့မှသာ ဖြစ်ပေါ်လာသည့် အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တစ်ခဲနက်တည်ဆောက် နိုင်မည်ဖြစ်သည်။

ယနေ့ နိုင်ငံသူ၊ နိုင်ငံသားများသည် အေးချမ်းသာယာလွတ်လပ်စွာ အာမခံချက်ရှိရှိဖြင့် နေထိုင်သွားလာကူးသန်းရောင်းဝယ်အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် လူမှုစီးပွားရေးဘဝ အခြေအနေကို ပြည့်ဝအောင်ဖော်ဆောင်ပေးမည့် နိုင်ငံရေးပတ်ဝန်းကျင် အခြေခံကောင်းကို မျှော်လင့်စောင့်စားလျက်ရှိနေပေသည်။

မြန်မာနိုင်ငံသားတို့၏ ယင်းမျှော်လင့်ချက်ကို သမိုင်းကြောင်းနောက်ခံ၊ နိုင်ငံ့ပကတိအခြေအနေတို့နှင့်အညီ အဖြစ်နိုင်ဆုံး၊ အကောင်း ဆုံးဖော်ဆောင်ပေးနိုင်ရေးအတွက် ယခု ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းပေါ်ထွက်လာခြင်းဖြစ်သည်။ယခု အခြေခံဥပဒေသည် ယခင်အခြေခံဥပဒေနှစ်ခု၏ ပျော့ကွက်၊ ဟာကွက်နှင့် အားနည်းချက်များကိုရှောင်ရှားထားသည်။ ရှိရင်းစွဲ ပြည်ထောင်စုစနစ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများ တိုးချဲ့ဖွဲ့စည်းထားသည်။

ဥပဒေပြုရေးအာဏာကို ဗဟိုရှိ ပြည်ထောင်စုလွှတ်တော်မှ ချုပ်ကိုင်ထားခြင်းမပြုဘဲ တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များအထိ ခွဲဝေအပ်နှင်းထားသည်။ ဥပဒေပြုရေးအာဏာ ကျင့်သုံးရာတွင် လူဦးရေအနည်းအများအလိုက် လွှမ်းမိုးမှု မပြုနိုင်ရေးအတွက် လူနည်းစု တိုင်းရင်းသားလူမျိုးများအတွက်ပါ အခွင့်အရေးများ ပေးထားသည်။

အုပ်ချုပ်ရေးအာဏာကို ဗဟိုတွင် သန့်ရှင်းပြီး ခိုင်မာတောင့်တင်းသော သမ္မတဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အားအပ်နှင်းထားသည်။တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၌လည်း ဝန်ကြီးချုပ်အသီးသီးဦးဆောင်သည့် အစိုးရအဖွဲ့များအား အာဏာခွဲဝေအပ်နှင်းထားသည်။ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများတွင် ဦးစီးအဖွဲ့များအား ဥပဒေပြုရေး အာဏာနှင့်အုပ်ချုပ်ရေးအာဏာကို ပူးတွဲကျင့်သုံးစေမည်ဖြစ်သည်။

တရားစီရင်ရေး အာဏာကျင့်သုံးရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ် တော်များ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ခရိုင်တရားရုံးများ၊မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားပေမည်။

အဆိုပါ အာဏာသုံးရပ်ကို ဖော်ပြပါ အဖွဲ့အစည်းအဆင့်ဆင့် သုံးရပ်ခွဲဝေကျင့်သုံးရာတွင် တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲစေသကဲ့သို့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းများ ပြုထားသည်။

ကို သတ်မှတ်ထားသော အကြောင်းတစ်ရပ်ရပ်မပေါ်ပေါက်လျှင် အသက်(၇၀)ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ပြုထားသည်။ ယင်းသည် တရားစီရင်ရေးအာဏာကို မည်သည့်စွက်ဖက်မှုမျှမပါဘဲ ဖြောင့်မတ်မှန်ကန်စွာ ပိုင်းခြားနိုင်ခွင့်ပြုထားခြင်းပင်ဖြစ်သည်။

ယခုအခြေခံဥပဒေ၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများကို ရှုထောင့်အဖုံဖုံမှ စာနယ်ဇင်းသမားများက ရေးသားတင်ပြလျက်ရှိသည်။ လက်တွေ့ကျင့်သုံးရာတွင် အားနည်းချို့ယွင်းချက်များ ရှိလာပါကပြင်ဆင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းကိုလည်း ထည့်သွင်းရေးဆွဲထားကြောင်း တွေ့ရသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လေ့လာလျှင် ပြည်သူလူထု၏ကိုယ်စား ကိုယ်စားလှယ်များက အနာဂတ်နိုင်ငံတော်ကို မည်သို့မည်ပုံတည်ဆောက်ကြမည်၊ ခိုင်မာတောင့်တင်း သန့်ရှင်းပြီး သွက်လက်ထက်မြက်သည့် အစိုးရအဖွဲ့ကို မည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက်မည်၊ ရှေ့ဆက်ကျင့်သုံးမည့် နိုင်ငံရေး၊ အခြေခံမူဝါဒသဘောထားမှာ ဤကဲ့သို့ဖြစ်သည်၊ မည်သည့်စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်သစ်ကို ထူထောင်မည်၊ နိုင်ငံသား(တိုင်းရင်းသား)တို့အတွက် ရပိုင်ခွင့်နှင့် အခွင့်အရေးများ မည်မျှပေးထားသည်၊ နိုင်ငံသားတို့ မူလအခွင့်အရေးများကို မည်ကဲ့သို့ကာကွယ်စောင့်ရှောက်ပေးသွားမည်၊ ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ကို မည်သို့တည်ထောင်ဖွဲ့စည်းမည်၊ ပိုင်းခြားကျင့်သုံးမည်၊ အပြန်အလှန် ထိန်းညှိမည်စသည့် လုပ်ငန်းတာဝန်ကြီးများကို ရှင်းလင်းမြင်သာစွာ ရေးသားဖော်ပြထားကြောင်းတွေ့ရှိနိုင်ပေသည်။

ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ပေးသည်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရသည်။ နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းမှာ(၅)နှစ်ဖြစ်သည်။ ရာထူးသက်တမ်း(၂)ကြိမ်အထိ ထမ်းဆောင်ခွင့်ပြုထားသည်။ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၏ သက်တမ်းမှာလည်း (၅)နှစ်ဖြစ်သည်။ အခြားဥပဒေပြုရေးအဖွဲ့အဆင့်ဆင့်နှင့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့၏ သက်တမ်းမှာ ထိုအတိုင်းပင်ဖြစ်သည်။

သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အကြီးအမှူးဖြစ်သူ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်တရားသူကြီးများ၏ ရာထူးသက်တမ်း

" အမှန်စင်စစ် အခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်၏ အခြေခံသဘောထား၊ သဘောတရားများနှင့် နိုင်ငံတော်အာဏာကို ခွဲဝေသုံးစွဲရန် အဖွဲ့အစည်းများတည်ထောင်ပုံ၊ ဆက်သွယ်ပုံကို ဥပဒေစကားလုံးဖြင့် ရုပ်လုံးဖော်ဖွင့်ဆိုထားခြင်းသာ ဖြစ်သည်။ စကားလုံးများက အဓိကမဟုတ်၊ သဘောထား၊ သဘောတရားများနှင့် အဖွဲ့အစည်းများ၏ စေတနာ၊ ပူးပေါင်းဆောင်ရွက်မှုတို့ကသာ အနှစ်သာရဖြစ်သည်" ဟူ၍ တို့ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံစာအုပ်တွင် ဒေါက်တာ မောင်မောင်က ရေးသားဖော်ပြခဲ့သည်။

သို့ဖြစ်ရာ **အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့သောသဘောထား၊ နိုင်ငံသား(တိုင်းရင်းသား)များအပေါ် ကျောသား ရင်သားမခွဲခြားသော သဘောတရား၊ မိမိနိုင်ငံ၊ မိမိလူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာ၊ အမိနိုင်ငံတော်ကမ္ဘာ့အလယ်၌ တင့်တယ်ဝင့်ထည်စွာအစွန့်ရှည်ရပ်တည်နိုင်ရမည်ဟူသောဆန္ဒတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံရေးပတ်ဝန်းကျင် အခြေခံကောင်း ပီပီပြင်ပြင် အခြေအမြစ်ရှိရှိဖြင့် ရုပ်လုံးပေါ်လာမည်မှာ ဧကန်မလွဲပေ။**

ဤသို့ဆိုလျှင် ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံအတည်ပြုခြင်းဖြင့် နိုင်ငံနှင့်လူမျိုး၏ ကိုယ်ပိုင်ဘဝလမ်းကို ကိုယ်တိုင် ပါဝင်ပြဋ္ဌာန်းခွင့်အား ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်သင့်ကြောင်း တင်ပြလိုက်ရပေသည် ။ ။

ယနေ့ နိုင်ငံသူ၊ နိုင်ငံသားများသည် အေးချမ်းသာယာလွတ်လပ်စွာ အာမခံချက်ရှိရှိဖြင့် နေထိုင်သွားလာ ကူးသန်းရောင်းဝယ် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် လူမှုစီးပွားရေးဘဝ အခြေအနေကို ပြည့်ဝအောင် ဖော်ဆောင်ပေးမည့် နိုင်ငံရေးပတ်ဝန်းကျင် အခြေခံကောင်းကို မျှော်လင့်စောင့်စားလျက်ရှိနေပေသည်။
မြန်မာနိုင်ငံသားတို့၏ ယင်းမျှော်လင့်ချက်ကို သမိုင်းကြောင်း နောက်ခံ၊ နိုင်ငံ့ပကတိ အခြေအနေတို့နှင့်အညီ အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးဖော်ဆောင်ပေးနိုင်ရေးအတွက် ယခု ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပေါ်ထွက်လာခြင်းဖြစ်သည်။

● ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၁၀ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘတ်စကတ်ဘောပြိုင်ကွင်း၌ကျင်းပသည့် ၂၀၀၈ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲတွင်အမှတ်(၁)စက်မှုဝန်ကြီးဌာန အသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက (၇၉)မှတ် (၆၆)မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက တတိယဆုရ အားကစားဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ အမှတ်(၁)စက်မှု ဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အကောင်းဆုံးခံစစ် အားကစားသမားဆု၊ အကောင်းဆုံးပြန်ကျဘောဖမ်းသူဆုနှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားသမားဆုတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

အသန့်ရှင်းဆုံးဆု

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အသန့်ရှင်းဆုံးဆုရ အားကစားဝန်ကြီးဌာန အသင်းအား ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။

ပင်မဒိုင်းဆု

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က စတုတ္ထဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ငွေသားဆုငွေကျပ်သုံးသိန်း၊ တတိယဆုရ အားကစားဝန်ကြီးဌာန အသင်းအား ငွေသားဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုရ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန အသင်းအား ငွေသားဆုငွေကျပ်ခုနစ်သိန်းနှင့် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းအား ငွေသားဆုငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်ပြီး အနိုင်ရဗိုလ်စွဲသွားသည့် ပထမဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာန အသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၈ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပထမဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်စဉ်။
(သတင်းစဉ်)

ကျောက်မဲ၊ နမ္မတူ၊ သီပေါမြို့တို့၌ မိုးကုတ်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်နာယက ကမ္ဘဋ္ဌာနာစရိယပြည်တွင်း၊ ပြည်ပသာသနာပြု သွေးဆေးကန် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(B.Sc ,Phy) သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ မေ ၃ ရက်မှ ၉ ရက်အထိ၊ နမ္မတူမြို့၌ မေ ၁၁ရက်မှ ၂၀ရက်အထိ၊ သီပေါမြို့၌ မေ ၂၃ ရက်မှ ၃၀ ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကိုဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြံန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်န္တတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	မြန်မာသကြံန်
၅း၂၅	၈။	မြန်မာသံစဉ်ချိုနှားဝင်
၅း၃၅	၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသကြံန်
၆း၂၅	၁၄။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံ လင်ရုပ်မြင်ဇာတ်လမ်း - ပျော်ရွှင်ပါစေ အပိုင်း(၁၅)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေး တေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြား တေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း - အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၃)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်န္တတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသော ဖခင်ကြီး ဦးသူတော်နှင့် မိခင်ကြီး ဒေါ်လေးခင်တို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ၈ ရပ်ကွက် မင်္ဂလာလမ်းနေ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၃၅၀၀၀၀ကို ဘဒ္ဒန္တစာရိန္ဒာသဘ (ဒီဃနိကာယကောဝိဒ)ထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာ့အေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် တာမွေမြို့နယ် ၁၄၆ လမ်း အရိုးကုန်းနေ ဦးဝင်းရှိန်-ဒေါ်ခင်မြင့်မြင့်၊ သား မင်းထက်ခေါင်၊ သမီး ဟန်နီဝင်းကျော် (ကောင်းကျော် ဗီဒီယို) မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့များ ဖြစ်ကြသော ဦးသင်ဦး၊ ဦးစောကြိုင်နှင့် ဦးသိန်းဦးတို့ လက်ခံယူစဉ်။ (က-ပ)

လှူဒါန်း

လန်းဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရိတနာဓမ္မာရုံ၊ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်) သို့ မော်လမြိုင်မြို့ ၁၂ လမ်းနေ ဦးလှသန်း-ဒေါ်အေးသန်း မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (ကြေးမုံ)

ဦးစိုးဝင်း ငါးနှစ်ပြည့်အားရည်စူး၍ လမ်းမတော်မြို့နယ် ကမ်းနားလမ်းနေ ဒေါ်သိန်းသိန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မြင်းခြံခရိုင်၌ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၈ ရက်တွင် မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီး မြို့နယ် မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ မြင်းခြံခရိုင် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်တို့မှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မြင်းခြံမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်၌ ကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အရောင်းဆိုင်အတွင်း ရောင်းကုန်ပစ္စည်း မပြတ်လပ်စေရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း မြင်းခြံခရိုင်နှင့် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား အမှာစကား ပြောကြားစဉ်။

(စက်မှု-၁)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)မှ သက်ကြီးပူဇော်ပွဲနှင့်အတူ ဂုဏ်ထူး (၃)ဘာသာနှင့်အထက် ရရှိခဲ့ကြသော မြောင်းမြမြို့နယ်အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲ၊ ပညာသင်ဆု ထောက်ပံ့ချီးမြှင့်ပွဲကို ဧပြီ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ရေဝတီတိုင်းမဗ္ဗာရုံ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၌ နံနက် ၈ နာရီမှ ၁၁ နာရီအတွင်း ကျင်းပသွားမည်။ ပူဇော်ခံပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆုရသူများနှင့် ထောက်ပံ့ကြေးရသူများ ကိုယ်တိုင်တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသူ၊ အသင်းသားများ၊ မိဘများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ မြောင်းမြ ဒယ်လေးခေါက်ဆွဲ၊ တာရာလင်းရေခဲမုန့်ဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ရာသီမသိ ပန်းနှင့်ညီ"တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၈း၁၀ - ၂း၁၀	ထေရဝါဒသာသနာနေရောင်လပမာထွန်းလင်းမှာမလွဲ တိပိဋကရွေးချယ်ပွဲနှင့် ပရိယတ္တိပထမပြန်စာမေးပွဲ
၈း၁၅ - ၂း၁၅	Sunday Talk
၉း၁၅- ၃း၁၅	စိတ်အားထက်သန် ဆန္ဒအမှန်
၉း၃၅ - ၃း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	ကြည်ညိုဖူးမြော်ဖွယ်ရာ စေတီတော်ထီးတော်တင်မင်္ဂလာ
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	Biz Net
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	ကောဇာမှာအသွင်ဆန်း ဒေါပုံကောဇာအစွမ်း
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	ဒါဒို့ရွာ
၁၂း၂၀ - ၆း၂၀	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင် ''ဟဲလေး'')
၁၂း၄၅ - ၆း၄၅	ကျန်းမာရွှင်မြူး အစဉ်ရေကူး(မိုးသူအောင်၊ခင်မို့မို့အေး၊ပိုးဖြူသဲ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တိုင်ဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Liverpool-Chelsea	ESPN (Live)

ရန်ကုန်မြို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား၊ ယာဉ်နှစ်စီးအနည်းငယ်ချို့ယွင်းပျက်စီးပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိ အကြမ်းဖက်အဖျက်သမားအား ပြည်သူလူထုက ပူးပေါင်းဖော်ထုတ်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဧပြီ ၂၁

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့၌ ဧပြီ ၂၀ ရက် ညက ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့သဖြင့် ယာဉ်နှစ်စီး အနည်းငယ် ချို့ယွင်းပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ဧပြီ ၂၀ ရက် ည ၇ နာရီ ၅၅ မိနစ်တွင် ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက် ၃၆ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်အနီးရှိ ABC စားသောက်ဆိုင်ဘေး ၃၆ လမ်းတွင် ရပ်ထားသည့် အငှားယာဉ်အမှတ် ၁ခ/၁၀၂၉ SUBARU အမျိုးအစားယာဉ်၏ ရှေ့ဘက်ခြမ်းနှင့် ဘယ်ဘက်ပလက်ဖောင်းကြားတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် အဆိုပါယာဉ်၏ ရှေ့လေကာမှန် အက်ကွဲခြင်း၊ ဘယ်တံခါး ပိန်ချိုင့်ပြီး မှန်အက်ကွဲခြင်း၊ နောက်ဆွဲတံခါးမှန်ကွဲခြင်းနှင့် ရှေ့ဘီးကွဲခြင်းများဖြစ်ပွားခဲ့ကြောင်း၊ ထို့အတူ ည ၉နာရီ ၁၀မိနစ်တွင်လည်း ပန်းဘဲတန်းမြို့နယ် (၁၁)ရပ်ကွက်ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၂လမ်းထောင့်ရှိ ကုန်သည်ကြီးများဟိုတယ် နောက်ဘက်တွင် ရပ်ထားသော ယာဉ်အမှတ် ပ/၇၀၆၂ Toyota Corona GX Salon အမျိုးအစား အဖြူရောင်ယာဉ်၏အောက်တွင် ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် လမ်းပေါ်တွင် အကျယ် ၅ လက်မ၊ အနက် ၂ လက်မခန့်ရှိ ကျင်းတစ်ခုဖြစ်ပေါ်ခဲ့ပြီး Corona ယာဉ်၏နောက်ထိုင်ခုံနှင့် ယာဘက်ခြေနင်းပျက်စီးခြင်း၊ ယာဉ်ကြမ်းပြင် ၁၂လက်မခန့်ပျက်စီးခြင်း၊ နောက်ဘန်ကာ ပြုတ်ထွက်ခြင်း၊ နောက်လေကာမှန်ပြုတ်ထွက်ခြင်း၊ ရှေ့ဘယ်ဘီးပေါက်ခြင်း၊ ဘယ်အချက်ပြမီး ပြုတ်ထွက်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖော်ထုတ်သိရှိရ

ယင်းကဲ့သို့ ပေါက်ကွဲမှုများနှင့်စပ်လျဉ်းပြီး အဖျက်လုပ်ရပ်များအပေါ် မလိုလားသော တာဝန်သိပြည်သူအချို့၏ ဝိုင်းဝန်းကူညီ သတင်းပေးပို့ခဲ့မှုကြောင့် ဖောက်ခွဲမှုကျူးလွန်ခဲ့သူမှာ မုန်တိုင်းဟူသည့် အမည်ဝှက်ဖြင့် တစ်ဖက်နိုင်ငံနယ်စပ် စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ (VBSW) တွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ကာ ပြည်တွင်း၌ အဖျက်လုပ်ငန်းများလုပ်ဆောင်ရန် တာဝန်ပေးစေလွှတ်ခံရသူဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အရပ် ၅ ပေ ၆ လက်မခန့်၊ အသားလတ်၊ ဆံပင်ကုပ်ထောက်၊ မျက်နှာသွယ်၊ အသက် (၃၀)ခန့်ရှိ ဖောက်ခွဲဖျက်ဆီးရေးသမား ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၂ လမ်းထောင့်ရှိ ကုန်သည်ကြီးများဟိုတယ် နောက်ဘက်တွင် ရပ်ထားသောမော်တော်ယာဉ်အောက်တွင် ဖောက်ခွဲရန်ချဉ်းကပ်လာမှုအား လုံခြုံရေးကင်မရာမှ မှတ်တမ်းတင်ထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော်နှင့် နှစ်သစ်ကူး ရုံးပိတ်ရက်ရှည်ပြီးဆုံး၍ နှစ်သစ်တွင် စိတ်ချမ်းမြေ့စွာ လွတ်လပ်တက်ကြွ ပျော်ရွှင်နေချိန်၌ ယခုကဲ့သို့ အကြမ်းဖက် အဖျက်လုပ်ရပ် ဖြစ်ပေါ်ခဲ့သဖြင့် ဤသတင်းကိုကြားသိရသည့် ပြည်သူများနှင့် ရန်ကုန်မြို့ရှိ ပြည်သူများအနေဖြင့် အမျက်ဒေါသဖြစ်ကာ မခံမရပ်နိုင်ဖြစ်နေကြကြောင်း သိရှိရသည်။

ဖောက်ခွဲဖျက်ဆီးရေးသမားမှာ အရပ် ၅ပေ ၆လက်မခန့်၊ အသားလတ်၊ ဆံပင်ကုပ်ထောက်၊ မျက်နှာသွယ်၊ အသက် (၃၀)ခန့်ရှိပြီး ၎င်း၏ ပုံပန်းသဏ္ဌာန်ကို လုံခြုံရေးကင်မရာများမှတစ်ဆင့် မှတ်တမ်းတင်နိုင်ခဲ့သဖြင့် ၎င်း၏ဓာတ်ပုံအား ပြည်သူများသိရှိနိုင်ရန် ဖော်ပြထားပြီး ၎င်းအား တွေ့ရှိပါက နီးစပ်ရာရဲတပ်ဖွဲ့၊ ရဲစခန်း အပါအဝင် တာဝန်ရှိအဖွဲ့အစည်း အသီးသီးသို့ သတင်းပေးတိုင်ကြား၍ ဝိုင်းဝန်းကူညီ ဖော်ထုတ်ဖမ်းဆီးပေးကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

G ကျောဖုံးမှ

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသစ်မှာ အရှည်သုံးမိုင်(၄ဒသမ၄)ဖာလုံ၊ အကျယ် ၁၀ပေရှိပြီး ပုသိမ်-ငွေဆောင်လမ်းမကြီးသို့ ဆက်သွယ်သောလမ်းတစ်လမ်းဖြစ်ကာ လမ်းပြီးစီးသွားသဖြင့် တွန်ပလွန်ကျေးရွာနှင့် အနန်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ဝါးတောကြီးကျေးရွာ၊ သရက်ချိုကုန်းကျေးရွာနှင့် သရက်ကုန်းကျေးရွာများမှ ပြည်သူများအနေဖြင့် ပုသိမ်-ငွေဆောင်လမ်းမှတစ်ဆင့် ပုသိမ်မြို့သို့ ရာသီမရွေး သွားလာနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာ၌ ကျေးလက်ပြည်သူများအား တွေ့ဆုံသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း လှိုင်ပညာခန်းမ၌လည်းကောင်း၊ ပန်းတနော်မြို့ သာသနာ့ဝေပုလ္လ ပုခန်းကျောင်းတိုက်၌လည်းကောင်း၊ အိမ်မဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရွှေညီလာခန်းမ၌လည်းကောင်း၊ မြောင်းမြမြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ လည်းကောင်း မြို့နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ဧပြီ၂၆ရက် နံနက်၉နာရီတွင်လည်းကောင်း၊ညစာစားပွဲကို ညနေ ၆ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး နှစ်ပတ်လည် အထွေထွေ အစည်းအဝေးနှင့်အတူ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းဝင် အမျိုးသမီးများ၏ ဈေးရောင်းပွဲတော်ကိုလည်း နံနက် ၈ နာရီမှ ည ၈ နာရီအထိ ပြုလုပ်မည်ဖြစ်ကြောင်းနှင့်အသင်းဝင်များညစာစားပွဲအတွက်ကြိုတင်လက်မှတ်များဝယ်ယူ၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာကမ္မဋ္ဌာနာစရိယ ဂုဏဝိသိဋ္ဌပူဇာသဘင်

ရန်ကုန် ဧပြီ ၂၁

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ သနပ်ပင်မြို့ မန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဥ္စနသာရအား နေပြည်တော်ပျဉ်းမနားနှင့် နေပြည်တော်လယ်ဝေးမြို့နယ်မှ ရဟန်းဒါယကာ-ဒါယိကာမများနှင့် တပည့်ယောဂီများက မေ ၄ ရက်တွင် နေပြည်တော်ပျဉ်းမနား ဦးမင်းဒင်ရပ်ကွက်ရှိ ပထမမူလကသစ်ဝိုင်ဓမ္မရိပ်သာကြီး၌ ဂုဏဝိသိဋ္ဌ ပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဦးချစ်ဆွေ (ရှင်ငြိမ်းစားသောက်ဆိုင်) ဖုန်း ၀၆၇-၂၁၆၅၈၊ ၀၆၇-၂၁၂၉၈၊ ဦးသိန်းဇံ (မောင်ခင်လမ်း) ဖုန်း ၀၆၇-၂၂၄၇၇တို့သို့ ဆက်သွယ်လှူဒါန်းကြည်ညိုနိုင်ကြောင်းသိရသည်။ (က-ပ)

ဗန်းမော်အသင်း(ရန်ကုန်)အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ဗန်းမော်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဒဂုံမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုခ် ကျောက်စိမ်းတွင်းဓမ္မာရုံသစ်တွင် ဧပြီ ၂၆ရက်(စနေနေ့) နံနက် ၉ နာရီတွင်ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် ဗန်းမော်ခရိုင်သူ၊ ခရိုင်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အဘိုး/အဘွားများကိုယ်တိုင် တက်ရောက်အပူဇော်ခံပါရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၇-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းသူ အသင်းသားများ၏ သားသမီးများ၏အမည်စာရင်းကို ဦးစိန်မောင် ဖုန်း-၅၄၃၃၀၄၊ ၀၉-၅၁၀၆၉၀၇၊ ဦးတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၅၅၂နှင့် ဒေါ်ရီရီဝေ ဖုန်း - ၀၉-၅၀၀၄၃၃၉သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ (က-ပ)

မော်လမြိုင်မြို့တွင် မျက်စိအခမဲ့ ကွင်းဆင်းကုသ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခဒေါက်တာဦးကံညွန့်၊ပါမောက္ခဒေါက်တာ ဦးကိုကိုတင် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ မျက်စိအခမဲ့ ကွင်းဆင်းကုသခဲ့သည်။

အဆိုပါအဖွဲ့တွင် မျက်စိကုဆရာဝန်လေးဦးနှင့် သူနာပြုဆရာမသုံးဦးပါဝင်ပြီး ယင်းအဖွဲ့သည် မော်လမြိုင်မြို့တောင်ဝိုင်း အနာကြီးရောဂါကုဆေးရုံကြီးတွင် အနာကြီးရောဂါရှိ မျက်စိဝေဒနာရှင်များ အပြင်မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများမှ ဆင်းရဲနွမ်းပါးသည့် မျက်စိဝေဒနာရှင် ၆၀၈ ဦးတို့အား အခမဲ့ကြည့်ရှုပေးပြီး အတွင်းတိမ် ဝေဒနာရှင်၁၂၃ဦးနှင့် အသေးစားခွဲစိတ်ကုသသူ ၁၂ ဦးတို့ကိုလည်း အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။ **(အပေါ်ပုံ)**

ယင်းအဖွဲ့တွင် အသုံးပြုသည့် အတွင်းတိမ်ခွဲစိတ်ရာတွင် အသုံးပြုသည့်မှန်ဘီလူးများအား အမေရိကန်နိုင်ငံမှ အရိုးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးခင်မောင်ထူး မိသားစုကလှူဒါန်းပြီး ကျန်ဆေးဝါးများကို ရန်ကုန်မြို့ ဘောက်ထော်မှ ဒေါက်တာဦးတင်ကြည်-ဒေါ်သန်းငွေ မိသားစုက လှူဒါန်းသည်။ မော်လမြိုင်မြို့ တောင်ဝိုင်း အနာကြီးရောဂါကုဆေးရုံသို့ ပါမောက္ခ ဒေါက်တာဦးကံညွန့်ခေါင်းဆောင်၍ မျက်စိအခမဲ့ခွဲစိတ်ပေးခြင်းလုပ်ငန်းကို ၁၉၉၈ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင်(၁၀)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဖိုရမ်တက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(MWEA)အလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင်သည် ဂျပန်နိုင်ငံ ဆူဇူကာမြို့၌ဧပြီ ၇ရက်မှ ဇွန် ၂ရက်အထိကျင်းပမည့် 43rd JATSS Forum Programme သို့ တက်ရောက်ရန် ဧပြီ ၆ ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ကြေးမုံ The Mirror ထူးထူးခြားခြားကမ္ဘာ့မှတ်တမ်းဝင်ဖြစ်ရပ်များ

ဝေရက်တောင် အကြိမ်အများဆုံးတက်သူ

လူမရောက် မြင်းမိုရ်တောင်ဟူ၍ ကြားဖူးပါသည်။ သို့သော် ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည့် ဧဝရက်တောင်ထိပ်သို့မူ လူသူအရောက်အပေါက်များပါသည်။ သို့ရာတွင် အောင်မြင်အောင်တက်ရသည်မှာ လွယ်ကူလှသည်တော့မဟုတ်ပါ။ သက်စွန့်ဆံဖျားဖြစ်သည်။ တောင်ထိပ်မရောက်ဘဲ လမ်းတစ်ဝက်တစ်ပျက် မှာတင် အသက်ပျောက်သွားခဲ့ရသည့် တောင်တက်သမားများလည်း အနတ္တမပင်။

သို့သော် နီပေါနိုင်ငံမှ အပါးရှားပါးဆိုသူမှာမူ ထူးထူးခြားခြားစွမ်းဆောင်နိုင်သူအဖြစ်ကမ္ဘာ့မှတ်တမ်း၌ဖော်ပြခြင်းခံရသည်။ သူသည် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ ၂၀၀၇ ခုနှစ် မေ ၁၆ ရက်က (၁၇)ကြိမ်မြောက် အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။ သူသည် ဧဝရက်တောင်ထိပ်သို့ ၁၉၈၇ ခုနှစ်က ပထမဆုံးအကြိမ် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အကြီးဆုံး ဟော့ပေါ့ပါတီ

၂၀၀၇ခုနှစ်မတ်၂၀ရက်ကတရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကင်းမြို့၌ ကျင်းပခဲ့သည့် ဟော့ပေါ့ပါတီပွဲသည် အကြီးကျယ်ဆုံးဖြစ်သည်။ စားပွဲကြီးအတွင်း ချက်ပြုတ်ထားသည့် ဟော့ပေါ့အိုး ၂၂၄၉ အိုးမှ စားသောက်ဖွယ်ရာများကို ပါတီပွဲသို့ တက်ရောက်လာကြသည့် ပရိသတ် ၁၃၆၁၂ ဦးတို့က စားသောက်ကြသည်။

ကမ္ဘာ့အားကစားရုံတွင်း၊ ရုံပြင် တုတ်ထောက်ခုန် စံချိန်နှစ်ခုတင်သူ

ရုရှားနိုင်ငံသူ ရယ်လီနာအိုင်ဗင်ဘာရီဗာ**(အောက်ပုံ)**သည် ၂၀၀၅ ခုနှစ် ဩဂုတ် ၁၂ ရက်က ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ ကျင်းပသည့် အားကစားရုံပြင်ပ အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲ၌ ၅ဒသမ ၀၁ မီတာ (၁၆ ပေ၊ ၅ ဒသမ၂၄လက်မ)ဖြင့် ကမ္ဘာ့စံချိန်သစ်တင်ခဲ့သည်။ ထို့ပြင် သူမသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်က ယူကရိန်းနိုင်ငံ၌ ကျင်းပသည့် အားကစားရုံတွင်း အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲတွင် ၄ ဒသမ ၉၃ မီတာ (၁၆ ပေ၊ ၂လက်မ)ဖြင့် ကမ္ဘာ့စံချိန်သစ်တင်ခဲ့သည်။ သူမသည် အားကစားရုံတွင်း၊ ရုံပြင် အမျိုးသမီး တုတ်ထောက်ခုန်ကမ္ဘာ့စံချိန်သစ်နှစ်ခုတင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးနှစ်ဦးတွေ့ဆုံ

ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးနှစ်ဦးဖြစ်သည့် ဘာသာဖရိုင်း(၁၈၉၃ခုနှစ်၊ ဒီဇင်ဘာ ၁ ရက် မွေးဖွားသူ) နှင့် အက်ဒနာပါကာ(၁၈၉၃ ခုနှစ် ဧပြီ ၂၀ ရက် မွေးဖွားသူ) တို့နှစ်ဦးသည် အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် အင်ဒီယာနာပိုလစ်မြို့၌ ၂၀၀၇ ခုနှစ် ဧပြီ ၂၁ ရက်က တွေ့ဆုံခဲ့ကြသည်။ ထိုတွေ့ဆုံပွဲနေ့က ၎င်းတို့နှစ်ဦးပေါင်း အသက်သည် ၂၂၇ ခုနှစ်နှင့် ၁၄၂ ရက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံး အမေရိကန်နိုင်ငံသူများဖြစ်သည်။ **(အပေါ်ပုံ)**

အ-လ-က(၄) လှိုင် (ကျားကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

၁၉၇၇ခုနှစ်မှ ၁၉၉၀ပြည့်နှစ် ပညာသင်နှစ် အ·လ·က (၄) လှိုင် (ကျားကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကြီးကို မေ ၁ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် လှိုင်မြို့နယ် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ပရဟိတ ကျားကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာကြီးဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့်အလှူငွေများပါဝင်လှူဒါန်းလိုပါက ဆရာမကြီး ဒေါ်မြသန်း (ငြိမ်း) ဖုန်း ၇၂၃၇၄၄၊ ကိုအောင်ကိုဦး၅၃၅၆၃၄၊၅၀၀၄၅၄၊ မခင်မျိုးလွင် (အထည်ဆိုင်) လှိုင်ဈေးကြီး ၀၉၅၁၇၅၇၀၀ တို့တွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပဒေသာ
- ၇း၅၅ ၅။ ရှုဖွယ်စုံညီ မြန်မာပြည်
- ၈း၁၀ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၈း၃၀ ၇။ International News
- ၈း၄၅ ၈။ Let's Go
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၂၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (အင်္ဂလိပ်စာအထူးပြု)(အင်္ဂလိပ်စာ)
- ၄း၅၀ ၃။ မံဆောင်တံတား(ချင်းပြည်နယ်)
- ၅း၀၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၅။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၂၀ ၇။ မိုးလေဝသအခြေအနေ
- ၆း၂၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်--ချစ်တယ်"(အပိုင်း-၁၅)
- ၇း၃၅ ၁၀။ "စိတ်အားထက်သန်ဆန္ဒအမှန်"
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ "သပြေကုန်းရွာမှ ရွှေအပြုံးများ"
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်"(အပိုင်း-၁၉)
- ၁၆။ အစီအစဉ်ပြီး၏။

အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

ကယ်လ်ဆမ် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈) လုံးချောနှင့် ဝင်းထွန်း ယှဉ်ပြိုင်ထိုးသတ်မည်

ရန်ကုန် ဇွန် ၂၁

မြန်မာ့ရိုးရာလက်ဝှေ့အားကစား တိုးတက်ပြန့်ပွားအောင်မြင်ရေးနှင့် လက်ဝှေ့ဝါသနာရှင်ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် အားပေးမှုရလာအောင် အစဉ်တစိုက် ပံ့ပိုးကူညီခဲ့သော Calsome **ကွေကာ** Myanmar Distribution Group Co,.Ltd. **မှကူညီပံ့ပိုးပြီး မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍** T&T Group **မှ တာဝန်ယူကျင်းပသော ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇွန် ၂၅ရက် ညနေ ၆နာရီခွဲမှစ၍ ကရဝိက်ဥယျာဉ် ကမ္ဘာ့ရှိ မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်သည်။**

သတင်းဆောင်းပါး နှင့် ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈) မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် အဓိကပွဲစဉ်အဖြစ် လုံးချော (ညောင်တုန်း)နှင့်ဝင်းထွန်း (လယ်/ဆည်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ယင်းပွဲအပြင် စောပဂရေမျိုး (KLN)နှင့် အာကာဟိန်း (မြို့တော်စည်ပင်)၊ ဖွဲ့သတ္တိ (သူရဲကောင်း)နှင့် မိုးသီး (မြန်မာပြည်သား)တို့ ပွဲများအပါအဝင် စိန်ခေါ်ပွဲ (၁၀)ပွဲ ထိုးသတ်ကြမည် ဖြစ်သည်။

လုံးချော(ညောင်တုန်း)မှာ ထပ်ဆင့်မြန်မာပြည်ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်သူဖြစ်ပြီးဝင်းထွန်း (လယ်/ဆည်) မှာလည်း ရွှေခါးပတ်ဆုကိုသုံးထပ်ကွမ်း ရရှိထားသူဖြစ်သည်။ လက်ရှိ မြန်မာပြည် ရိုးရာလက်ဝှေ့လောကတွင် ထိပ်တန်းလက်ဝှေ့ကျော်အဖြစ် ရပ်တည်နေသူ လုံးချောနှင့် လက်ဝှေ့ကျော်ဝင်းထွန်းတို့၏ တွေ့ဆုံမှုမှာ ရိုးရာလက်ဝှေ့ဝါသနာရှင် ပရိသတ်များအတွက် အကြိုက်တွေ့လာနိုင်သည့် ပွဲကောင်းတစ်ပွဲ ဖြစ်လာတော့မည်ဖြစ်သည်။ လုံးချောမှာ ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ်တို့တွင် မြန်မာပြည်အလွတ်တန်း ရွှေခါးပတ်ချန်ပီယံဆုကို နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးခဲ့သူဖြစ်သည်။ ယခုနှစ်အတောအတွင်း လုံးချောမှာ အယ်ထီးကော်၊ ရွှေဆိုင်း၊ ရွှေဝါထွန်း၊ ရှမ်းလေးသွေး၊ ရန်ကြီးအောင်စသည့် ရိုးရာလက်ဝှေ့ကျော်များနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးပြီး ဝင်းထွန်းနှင့်မူ ပထမဦးဆုံးအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခြင်း ဖြစ်သည်။

လုံးချောနှင့် ထိုးသတ်မည့် ဝင်းထွန်းမှာလည်း ပြည်တွင်း ရိုးရာလက်ဝှေ့လောကတွင် နာမည်ရနေသူ တစ်ဦးဖြစ်ရုံသာမက ပြည်ပပြိုင်ပွဲများသို့လည်း သွားရောက် ယှဉ်ပြိုင်ဖူးသူ တစ်ဦး ဖြစ်သည်။ ၂၀၀၅ခုနှစ် (၂၃)ကြိမ်မြောက် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၀၇ ခုနှစ် (၂၄)ကြိမ်မြောက် ထိုင်း ဆီးဂိမ်းပြိုင်ပွဲတို့သို့ သွားရောက်ယှဉ်ပြိုင်ဖူးသူ တစ်ဦးဖြစ်သည်။ ထို့အပြင် ဝင်းထွန်းသည် မြန်မာနိုင်ငံရိုးရာ အားကစား အဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ရွှေခါးပတ်လုပွဲများတွင် သုံးကြိမ်ဆက်တိုက် ရွှေခါးပတ် ချန်ပီယံဆုကို ဆွတ်ခူးရယူထားနိုင်သူ ဖြစ်သည်။

အရပ်အမောင်း အရသာ ကွာခြားမှုရှိသော်လည်း ပညာ၊ သမ္မာအပိုင်းတွင်မူ မတိမ်းမယိမ်းရှိနေသည့် လုံးချောနှင့်ဝင်းထွန်းတို့ အရှုံးအနိုင် ပေါ်အောင် ထိုးသတ်နိုင်မလား ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ လုံးချောမှာ မြန်မာပြည်ချန်ပီယံဆုကို နှစ်ထပ်ကွမ်း ဆွတ်ခူးရရှိထားသော်လည်း

လုံးချောနှင့် ထိုးသတ်မည့် သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း။ (လယ်/ဆည်)

စိန်ခေါ်ပွဲများတွင် အနိုင်ရအောင် မထိုးသတ်နိုင်သေးဘဲ သရေပွဲများ ဆက်နေသူဖြစ်သည်။ နောက်ဆုံး ထိုးသတ်ခဲ့သည့် ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၇)တွင် ရှမ်းလေးသွေး၊ စူပါကွေကာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွင် ရွှေဆိုင်းတို့ကို အလဲမထိုးနိုင်ဘဲ သရေပွဲများဖြင့်သာ ပြီးဆုံးခဲ့သည်။ ယခုထိုးသတ်မည့် ဝင်းထွန်းနှင့်ပွဲတွင်မူ သရေပွဲအစဉ်အလာကို လုံးချော ချေဖျက်နိုင်မလားဆိုသည်ကို ရိုးရာလက်ဝှေ့ ပရိသတ်တို့ အထူးစိတ်ဝင်စားလျက်ရှိသည်။

ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈) ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ မတိုင်မီဇွန် ၈၊ ၉ ရက်များတွင် လပွတ္တာမြို့တွင် လပွတ္တာရေလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ Calsome ကွေကာ (MDG Co,.Ltd.) မှ ပံ့ပိုးကူညီပြီး T&T Group မှတာဝန် ယူကျင်းပသော လပွတ္တာမြို့ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ကျင်းပခဲ့ရာ ကျော်တင့်နှင့် ရှမဝတို့ သရေပွဲဖြစ်သွားပြီး တွေ့မရှောင်နှင့် ဝင်းထွန်းတို့ပွဲတွင် တွေ့မရှောင်က တတိယအချီတွင် အလဲထိုးဖြင့်အနိုင်ရရှိသွားသည်။ ယင်းစိန်ခေါ်ပွဲတွင် အထူးစိန်ခေါ်ပွဲ (၁၄)ပွဲအပြင် ကြားပွဲများလည်း ထည့်သွင်းကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ အားကစား တိုးတက်လာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနေသော Myanmar Distribution Group Co,. Ltd. (Calsome ကွေကာ) အား ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ အရောင်းနှင့် ဈေးကွက်ဆိုင်ရာ အကြံပေး ဦးမင်းတလညဏ်က ဤသို့ ရှင်းပြသည်။

မိမိတို့ အနေဖြင့် မြန်မာ့ရိုးရာ လက်ဝှေ့အားကစားတိုးတက် ပြန့်ပွားအောင်မြင်ရေးနှင့် လက်ဝှေ့ဝါသနာရှင်ပြည်သူလူထုများအကြား ကျယ်ကျယ်ပြန့်ပြန့် ရေပန်းစား အားပေးမှုရ ရှိလာ

ထပ်ဆင့် မြန်မာပြည်ချန်ပီယံ လုံးချော။ (ညောင်တုန်း)

အောင် ၂၀၀၅ခုနှစ်ကတည်းက စတင်ပံ့ပိုးကူညီပေးခဲ့ပါကြောင်း၊ မကြာမီကျင်းပတော့မည့် ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်းကတည်းက ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင်စိန်ခေါ်သံ (၈) အထိပင် ရှိလာပြီဖြစ်ကြောင်း၊ ယင်းပွဲများအပြင် ၂၀၀၅ City FM အောင်လံလုပွဲ၊ ၂၀၀၇ ရွှေခါးပတ်ချန်ပီယံလုပွဲ၊ ၂၀၀၈ အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၁)၊ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ စိန်ခေါ်ပွဲ သုံးပွဲအပါအဝင် အခြား ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကိုလည်း ပံ့ပိုးကူညီပေးခဲ့ပါကြောင်း၊ ထို့အပြင် သင်္ကြန်မတိုင်မီကလည်း လပွတ္တာမြို့တွင် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို နှစ်ရက်ကြာ ပံ့ပိုးကူညီကျင်းပပေးခဲ့ပါကြောင်း၊ ရိုးရာလက်ဝှေ့အားကစားနည်းအပြင် ယခုနှစ်အတွင်း MCC ခန်းမ၌ မြန်မာနိုင်ငံကာယဗလနှင့် ကာယ အလှအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲကိုလည်း Sponsors ပေးခဲ့ပါကြောင်း။

မြန်မာ့ရိုးရာ လက်ဝှေ့အားကစားနည်းမှာ အခြားကမ္ဘာကျော် ကိုယ်ခံအားကစားနည်းများနည်းတူ အဆင့်အတန်းမြင့်မားပါကြောင်း၊ ယင်းအတွက်ကြောင့် မြန်မာ့ရိုးရာလက်ဝှေ့ အားကစားနည်းကို ကမ္ဘာပေါ်တွင် သီးသန့် ပေါ်ထွန်းလာပြီးအောင်မြင် တိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ကို မိမိတို့ကပြိုင်ပွဲများကျင်းပစေခြင်းဖြင့် တစ်ဖက်တစ်လမ်းမှကူညီ

မြန်မာ့ရိုးရာလက်ဝှေ့ အားကစား တိုးတက် အောင်မြင်စေလို၍ အစဉ်တစိုက် ပံ့ပိုးကူညီနေခြင်း ဖြစ်ကြောင်း MDG Co.,Ltd **အရောင်းနှင့် ဈေးကွက်ဆိုင်ရာ အကြံပေး ဦးမင်းတလညဏ်ရှင်းပြစဉ်။**

ပေးနေခြင်း ဖြစ်ပါကြောင်း၊ လာမည့်ဇွန်လတွင် ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များနှင့် ကမ္ဘာ့မွေထိုင်းချန်ပီယံအပါအဝင် ထိုင်းနိုင်ငံမှ မွေထိုင်းကစားသမားများနှင့် ထိုးသတ်မည့် စိန်ခေါ်ပွဲ၊ ၂၀၀၈ ရွှေခါးပတ်ချန်ပီယံလုပွဲများကို ဆက်လက်ပံ့ပိုးကူညီရန် အစီအစဉ်များရှိပါကြောင်း၊ ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၉)ကိုမူ မိုးတွင်းကုန်မှသာ ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့အားကစားကို တိုးတက်အောင်မြင်စေလို၍ တောက်လျှောက်ပံ့ပိုးအားပေးခဲ့သလို ဆက်လက်၍လည်း ဝါသနာကြီးစွာ၊ စေတနာသဒ္ဓါတရား ထက်သန်စွာ ပံ့ပိုးကူညီသွားမည် ဖြစ်ကြောင်း" ပြောကြားသွားသည်။

(ကြေးမုံ)

ရေနံချောင်းမြို့၊ အထက(၁)တွင် ဆရာတော်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)မတည်၍ လှူဒါန်းဆောက်လုပ်လျက်ရှိသော ရွှေပါရမီ ကျောင်းဆောင်သစ်အတွက် ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်နေ ဦးစောဝင်း-ဒေါ်သန်းသန်း သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်းကို ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီအတွင်းရေးမှူး ဦးမြမောင်အား ပေးအပ်လှူဒါန်းစဉ် (က-ပ)

တောင်ကြီးစက်မှုလက်မှု အထက်တန်းကျောင်း ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၁

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂၈ရက် (သောကြာနေ့)တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံမည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန် (အငြိမ်းစား) ၀၈၁-၂၂၉၉၆၊ ဆရာဦးသောင်းထွန်း (အငြိမ်းစား) ၀၁-၇၂၂၅၇၁နှင့် ဆရာဦးစိန်မောင် (အငြိမ်းစား) ၀၁-၇၀၀၁၉၈တို့သို့ ဆက်သွယ်နိုင်ပြီး အလှူငွေထည့်ဝင်လိုသူများသည်ဦးစိုးညွန့် ၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း ၀၉-၅၂၁၃၂၇၆၊ ဦးတင်အောင် ၀၉-၅၂၁၁၁၄၆၊ ဦးလှသိန်း ၀၉-၅၁၉၂၉၇၅၊ ဦးညိုမင်းဒင် ၀၁-၂၂၀၃၄၁၊ ဒေါ်စန်းစန်းမြင့် ၀၉-၅၁၈၈၄၂၈၊ ဦးချစ်ထွန်း ၀၉-၅၀၁၉၇၇၁၊ ဦးအေးဝင်း ၀၂-၃၁၄၅၄၊ ဦးအောင်မြင့်သိန်း ၀၆၂-၂၁၉၃၉၊ ဦးစိုးမြင့် ၀၉-၅၁၃၁၂၁၆၊ ဦးသိန်းလွင် ၀၉-၅၁၁၉၄၆၉တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ (က-ပ)

Blue Boy နှင့် Furious အသင်းတို့ ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် HORIZON Int'l Education Center တို့ပူးပေါင်းကျင်းပသည့် ၂၀၀၇-၂၀၀၈ ရာသီ HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲကို ဇွန် ၂၀ရက် နံနက် ၁၁နာရီ ကျိုက္ကဆံမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် KKS အသင်းက Cow Boy အသင်းကို ၈၁-၇၁ မှတ်၊ Red Star အသင်းက CCY အသင်းကို ၂၀-၀ မှတ်၊ Last Vampire အသင်းက Filipino အသင်းကို ၂၀-၀ မှတ်၊ Blue Boy အသင်းက Furious အသင်းကို ၇၆-၆၇ မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။

ယင်းပွဲစဉ်များအပြီးတွင် KKS အသင်းက ပြိုင်ပွဲကိုဦးဆောင်နေပြီး Blue Boy အသင်းက ဒုတိယနေရာ၊ Furious အသင်းက တတိယနေရာတို့တွင် ရပ်တည်နေကြသည်။ (ကြေးမုံ)

ဘေ့စ်ဘောအားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး Dream 24 ဘေ့စ်ဘောကလပ်က မျိုးဆက်သစ်လူငယ်များကို ပျိုးထောင်နေ

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ - Dream 24

နိုင်ငံတကာ အားကစားနည်းတစ်ရပ်ဖြစ်သည့် ဘေ့စ်ဘော အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် Dream 24 ဘေ့စ်ဘောကလပ်အသင်းက တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကြားသိရသည်။

Dream 24 ဘေ့စ်ဘောကလပ်ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၀၆ ခုနှစ် မတ်လ ၁၃ ရက်တွင်ဖွဲ့စည်းခဲ့ပြီး ပန်းကမ္ဘာကုမ္ပဏီ (ဂျပန်နိုင်ငံ) ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က ပံ့ပိုးကူညီပေးပြီး ကလပ်အသင်းဥက္ကဋ္ဌအဖြစ် ဦးကျော်ဆန်းလှိုင်၊ မန်နေဂျာ ဦးမြတ်ဖြိုးထွန်းနှင့်နည်းပြချုပ် ကိုရီးယားနိုင်ငံသား SAMULE PARK တို့က နည်းစနစ်များကို စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းသားကလေးငယ်များဖြင့် စုစည်းဖွဲ့စည်းထားသော Dream 24 ဘေ့စ်ဘောကလပ်အသင်းကို တွေ့ရစဉ်။

Dream 24 ဘေ့စ်ဘောကလပ်အသင်း၏ ထူးခြားချက်မှာ မျိုးဆက်သစ်လူငယ် ဘေ့စ်ဘောကစားသမားများကို မွေးထုတ်နိုင်ရန် သင်တန်းကာလ သတ်မှတ်၍အခမဲ့ လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ ယခုလက်ရှိ မျိုးဆက် သစ်လူငယ် အားကစားသမားလေးများ စုစုပေါင်း ၉၀ ရှိပြီး တောင် ဥက္ကလာပမြို့နယ် (၉) ရပ်ကွက်၊ အထက(၂) (ရန်ကင်း)၊ သန်လျင် မြို့နယ် အမှတ်(၇) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သာကေတမြို့နယ် မှန်ကင်းပရဟိတကျောင်းတို့မှ ကလေးငယ်များ ဖြစ်ကြသည်။

အဆိုပါ ကလေးငယ်များကို အားကစားဝတ်စုံမှအစကြိုပို့ပေးသည်အထိ တာဝန်ယူ၍ ယခုနွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း တနင်္လာနေ့မှ သောကြာနေ့အထိ ညနေ ၃ နာရီမှ ၆ နာရီအတွင်း ကျိုက္ကဆံဘေ့စ်ဘော အားကစားကွင်းတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

"လူငယ်လူရွယ်များ အားကစားနည်းတစ်ခုခုဖြင့် ထိတွေ့ခွင့်ရရှိရန်၊ ကိုယ်လက်လှုပ်ရှားအားကစား၏ ကောင်းကျိုးရလဒ်များကို ခံစားနိုင်စေရန်၊ အမိန့်နာခံတတ်မှု၊ စည်းကမ်းရှိမှု၊ အတွေးအခေါ်၊ စာရိတ္တနှင့် စိတ်ဓာတ်များ တိုးတက်မြှင့်တင်နိုင်ရန်၊ အဖွဲ့အစည်းအတွင်း ပေါင်းသင်းဆက်ဆံတတ်မှုများ ဖြစ်ထွန်းစေရန်လေ့ကျင့်ပေးခြင်း ဖြစ်ကြောင်း" ကလပ်အသင်းဥက္ကဋ္ဌ ဦးကျော်ဆန်းလှိုင်ကပြောကြားသည်။ တစ်ဆက်တည်းမှာပင် အသင်းဥက္ကဋ္ဌက မိခင်ဘာသာစကားတစ်ခုအပြင် အခြားဘာသာ စကားတစ်ခုကို ထိတွေ့လေ့လာခွင့်ရရှိစေရန် နွေရာသီအတွင်း ဂျပန်ဘာသာစကား (အခြေခံ)ကို တစ်ပတ်လျှင်သုံးရက် အခမဲ့ သင်ကြားပေးလျက် ရှိကြောင်း၊ မိမိတို့ ကလပ်အသင်းသို့ ဂျပန်နိုင်ငံသား နည်းပြများ ရောက်ရှိလာသည့်အခါ သင်ယူမှုအပိုင်းများတွင် ပိုမိုထိရောက်မြန်ဆန် စေရန်လည်းဖြစ်ကြောင်း ပြောကြားသည်။

ရှေ့ဆက်လုပ်ဆောင်မည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဘေ့စ်ဘောအဖွဲ့ချုပ် အဖွဲ့ဝင်၊ အသင်းဥက္ကဋ္ဌ ဦးကျော်ဆန်းလှိုင်အား မေးမြန်းကြည့်ရာ "ရှေ့စီမံကိန်းများအဖြစ် ယခုနှစ်တွင် အသက် ၁၅ နှစ်အောက် လူငယ်လက်ရွေးစင်အသင်း ဖွဲ့စည်း၍ အဖွဲ့ချုပ်ဖလားပြိုင်ပွဲအတွက် အခြားကလပ်မှ လူငယ်အသင်းများနှင့် ယှဉ်ပြိုင်သွားရန်၊ နယ်နှင့် ရန်ကုန်တွင် အခြေခံသင်တန်းများ ဖွင့်လှစ်သွားရန်ဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် အဆင့်မြင့်နည်းပြများကို ခေါ်ယူ၍ ထိရောက်စွာ သင်ကြားပေးပြီး အသင်းများဖွဲ့၍ အမှတ်ပေး ဆုဖလားပြိုင်ပွဲ ကျင်းပရန်၊ ပြည်ပနိုင်ငံများမှ လူငယ်အသင်းများနှင့် ချစ်ကြည်ရေး ဖိတ်ခေါ်ကစားသွားရန်တို့ပဲ ဖြစ်ပါတယ်။ ၂၀၁၀ မှာတော့ အခြေခံပညာအထက်တန်းအောင်ပြီး အလားအလာကောင်းတဲ့ ကစားသမားများကို ရွေးထုတ်ပြီး လက်ထောက်နည်းပြများအဖြစ်နဲ့ ပြည်နယ်နှင့်တိုင်းများမှာ ဘေ့စ်ဘောအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ရန်၊ ပြည်ပချစ်ကြည်ရေးပွဲများ သွားရောက်ကစားနိုင်ရန်ဖြစ်ပြီး ၂၀၁၁ မှာတော့ နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်ခွင့်ရရှိရေးတို့ပဲ ဖြစ်ပါတယ်"ဟု ပြောကြားသည်။



ဘေ့စ်ဘောအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤသို့ စနစ်တကျ လေ့ကျင့်နေသည်ကို တွေ့ရစဉ်။

ထို့အတူ အမြဲတမ်းလေ့ကျင့်မှုမှသည် ပြိုင်ပွဲပုံစံတိုးတက်ထိတွေ့မှု ရရှိစေရန် သင်ကြားမှုနှင့် ယှဉ်ပြိုင်မှု လိုက်လျောညီထွေရှိစေရန် ယခုမတ်လကုန်တွင် ကလပ်အသင်းအောက်၌ အသင်းအဖွဲ့လေးဖွဲ့ ဖွဲ့စည်း၍ တစ်သင်းတွင် မန်နေဂျာ၊ နည်းပြတစ်ဦးစီနှင့် အားကစားသမား ၁၈ဦးတို့ဖြင့် ပန်းကမ္ဘာဖလားပြိုင်ပွဲကို ကျင်းပပေးခဲ့ကြောင်းလည်း သိရသည်။

Dream 24 ဘေ့စ်ဘောကလပ်၏ ရည်မှန်းချက်နှင့် ဆောင်ရွက်မှုများက စနစ်တကျ ရှိလှသည်။ မြန်မာ့အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအသင်းများနှင့် ပုဂ္ဂလိက ကလပ်အသင်းများ ဟန်ချက်ညီညီ ဖြစ်ထွန်းပေါ်ပေါက်ရေးမှာ အရေးပါလှရာ ပုဂ္ဂလိက ကလပ်အသင်းများ ရေရှည်တည်တံ့ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးစားကြရန်လည်း လိုအပ်လှပါသည်။ ။

ကြေးမုံ The Mirror မှခင်းသတင်းများ

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်

ရန်ကုန် ဧပြီ ၂၁

မတ် ၂၆ ရက် ညနေ ၄ နာရီမိနစ် ၂၀ ခန့်က မိတ္ထီလာမြို့ ရန် ကုန်-မန္တလေးကားလမ်းတွင် မော်တော်ယာဉ်နှင့်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ (၇) နေ မျိုးနိုင်၊ ၂၂ နှစ် မောင်းနှင်သော ဟိုင်းလတ်အပြာရောင် ကားအမှတ် ဒ/ ၁၁၅၃ သည် ပျော်ဘွယ်မြို့မှ မိတ္ထီလာမြို့သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၃၃၆/၆ အနီးအရောက်၌ မိတ္ထီလာဘက်မှ ပျော်ဘွယ်ဘက်သို့ ယင်းတော်ရွာနေ ကျော်စိုးထွန်း၊ ၂၅ နှစ် စီးနင်းပြီး နောက်မှ မမေသူအောင် ၁၉ နှစ်နှင့် မျိုးကိုကို ၂၈ နှစ်တို့ လိုက်ပါလာသည့် အနက်ရောင် နံပါတ်မပါဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိကြသည်။

ယင်းသို့ တိုက်မှုကြောင့် ဆိုင်ကယ်စီးသူ ကျော်စိုးထွန်း၊ ဆိုင်ကယ်နောက်မှလိုက်လာသူ မမေသူအောင်နှင့် မျိုးကိုကိုတို့မှာ ဒဏ်ရာအသီးသီး ရရှိသွားသည်။ ကျော်စိုးထွန်းနှင့် မမေသူအောင်တို့မှာ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသဖြင့် မန္တလေးဆေးရုံကြီးသို့ တင်ပို့ထားရသည်။ အဆိုပါ ယာဉ်တိုက်မှုကို အမှတ် (၁) ရဲစခန်းမှ ဒုရဲအုပ်အောင်ဇော်ဦးက တရားလိုပြုလုပ်၍ မျိုးနိုင် ၂၂ နှစ်နှင့် ကျော်စိုးထွန်း ၂၅ နှစ်တို့အား ရဲစခန်း(ပ)၆၉/၂၀၀၈ ပုဒ်မ ၃၃၇ ဖြင့် အရေးယူထားသည်။

(၁၁၁)

အရက်မူးပြီး စကားများရာမှ မိမိကိုယ်ကိုယ် ဓားဖြင့်ထိုး

ရန်ကုန် ဧပြီ ၂၁

မြစ်ကြီးနားမြို့ အောင်နန်းမီးရထားဝင်းနေ ဝင်းနိုင် (၁၈) နှစ် (သုံးဘီးဆိုင်ကယ် မောင်းနှင်သူ) သည် ဧပြီ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက ၎င်း၏ အစ်ကိုဖြစ်သူ ကိုဇော်လင်းအပါအဝင် သူငယ်ချင်းများနှင့်အတူ သင်္ကြန်လည်ရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိပြီး အရက်မူးယစ် သောက်စားကြစဉ် အစ်ကိုဖြစ်သူနှင့် စကားများခဲ့သည်။ စကားများစဉ် ဝင်းနိုင်က ဇော်လင်းကို ဓားဖြင့် ကြိမ်းမောင်းစိန်ခေါ်ရာ ဇော်လင်းက ရန်ပြုခြင်းမရှိသဖြင့် ဘယ်သူ့မှမလုပ်ရရင် ကိုယ့်ကိုယ်ကိုယ် လုပ်မည်ဟုဆိုကာ ၎င်း၏လက်တွင် ကိုင်ဆောင်ထားသော အရိုးကိုးလက်မခွဲ၊ အသွားကိုးလက်မခန့်ရှိ ဓားဖြင့် ၎င်း၏ဗိုက်ကို ထိုးသွင်းရာ ပေါက်ပြဲဒဏ်ရာဖြင့် အူများထွက်ခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဝင်းနိုင်အား မြစ်ကြီးနားဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသထားပြီး ၎င်းအား အမှတ် (၂) ရဲစခန်းက ဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဖယောင်းတိုင်မီးမှ နေအိမ်ခုနှစ်လုံးမီးလောင်

ရန်ကုန် ဧပြီ ၂၁

မန္တလေး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် အကွက်အမှတ် (၆၈၀)၊ ၃၄လမ်း၊ (၇၅×၇၆)လမ်းကြားရှိ ဒေါ်သွယ်(၄၈)နှစ်၏ နေအိမ်တွင် ဧပြီ၁၄ ရက် နံနက် ၅ နာရီတွင် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ကား ၃၅ စီးနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားသည်။ မီးလောင်ရာသို့ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ရောက်ရှိကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုရှစ်စု၊ လူဦးရေ ၃၈ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဒေါ်သွယ်အား အမှတ်(၈)ရဲစခန်းက အမှုဖွင့် အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မီးလောင်လျှင် ကျိတ်မသတ်ပါနှင့်
မီးစပ်ရာမီးသတ်စခန်းသို့ ချက်ချင်းအကြောင်းကြားပါ

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်

နေပြည်တော် ဧပြီ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ အဆောက်အအုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။

ယင်းအဆောက်အအုံတို့မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပုသိမ် အချိုရည်နှင့် ရေခဲစက် (စက်မပါသည့် မြေအပိုင်း) မြေဧရိယာ ၅ဒသမ ၁၉ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၆၃ ဒသမ ၄၉၉၊ ပုသိမ် အချိုရည်နှင့် ရေခဲစက်(စက်ပါသည့် အပိုင်း)မြေဧရိယာ ၂ဒသမ ၇၈ ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း၁၇၃ ဒသမ ဝ၉၆၊ အဏ္ဏဝါ ရေခဲစက်(ရေး) မြေဧရိယာ ၂ဒသမ ၉၅ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၇၆ ဒသမ ၄၃၆၊ ဒဂုံအချိုရည်နှင့် ရေခဲစက် စက်ရုံခွဲ(၄) မြေဧရိယာ ဝဒသမ ၇၉၃ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၉၇၀ ဒသမ ၅၃၀ဖြင့် လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရခိုင်ပြည်နယ် ငွမြို့ ကင်းရုံးရပ်ကွက်ရှိ ဆန်စက် အမှတ်(၈၅၀)(၁၅ တန်ကျ) မြေဧရိယာ ဝ ဒသမ ၄၀ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၁၄ ဒသမ ၈၂၉၊ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမက်ကျေးရွာရှိ ဆန်စက်အမှတ်(၆၇၂) (တန် ၁၀၀ကျ)မြေဧရိယာ ၂၆ဒသမ ဝ၆ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၉၃ ဒသမ ၃၃၈၊ ဧရာဝတီတိုင်း ငပုတောမြို့ ကတ္တရာဝကျေးရွာရှိ ဆန်စက်အမှတ်(၆၇၅) (တန် ၁၀၀ကျ) မြေဧရိယာ ၂၆ဒသမ ၃၄ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၅၀ ဒသမ ၁၀၈၊ ရခိုင်ပြည်နယ် သံတွဲမြို့ကင်းမော်ရပ်ကွက်ရှိ ဆန်စက်အမှတ်(ဝ၃၉) (၂၅ တန်ကျ) မြေဧရိယာ ၁ဒသမ ၉၈ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၈ဒသမ ၆၆၁၊ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အလယ်ရေကျော် ကျေးရွာရှိ ဆန်စက်အမှတ် (၆၇၃)(တန် ၁၀၀ကျ)မြေဧရိယာ ၂၇ဒသမ ၄၉ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၃၂၈ ဒသမ ၃၁၊ စစ်ကိုင်းတိုင်း ကလေးဝမြို့ ချမ်းအေးသာယာ(၂)ရပ်ကွက်ရှိ ဆန်စက်အမှတ် (၁၁၄)(တန် ၂၀ကျ)မြေဧရိယာ ၃ဒသမ ၆၁ ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၃၀ ဒသမ ၄၈၂၊ စစ်ကိုင်းတိုင်းဟုမ္မလင်းမြို့နယ် ထက်သာရွာရှိ ဆန်စက်အမှတ်(၁၂၆)(တန် ၂၀ကျ)မြေဧရိယာ ၂ဒသမ ၇၇ ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၃၈ ဒသမ ၆၈၃၊ ပဲခူးတိုင်း ကျောက်တံခါးမြို့ သူဌေးကုန်းကျေးရွာရှိ ဆန်စက်အမှတ် (၅၀၅) (တန် ၁၀၀ကျ) မြေဧရိယာ ၂၀ဒသမ ၈၈ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၇၁၄ ဒသမ ၄၄၇၊ ပဲခူးတိုင်း ပဲခူးမြို့နယ် ကမာနတ်ကျေးရွာရှိ ဆန်စက်အမှတ် (၁၃၂) (၂၅ တန်ကျ) မြေဧရိယာ ၂၂ဒသမ ၂၇ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၆၁၀ ဒသမ ၅၀၉၊ ဧရာဝတီတိုင်း ဒေးဒရဲမြို့ရှိ ဆန်စက်အမှတ်(၆၆၈)(တန် ၅၀ကျ) မြေဧရိယာ ဝ၁ဒသမ ၇၈ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၅၉၈ ဒသမ ၃၆၃၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆန်စက် အမှတ်(ဝ၄)(၇၅ တန်ကျ)မြေဧရိယာ ၆ဒသမ ၃၇၇ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၃၃၅၅ ဒသမ ၄၅၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ ဆန်စက်အမှတ်(ဝ၅)(၇၅ တန်ကျ) မြေဧရိယာ ၄ဒသမ ဝ၃၆ ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၁၁၇ ဒသမ ၉၃၊ ဧရာဝတီတိုင်း ကျိုက်လတ်မြို့ရှိ ဖွဲနုဆီစက်အမှတ်(ဝ၃)မြေဧရိယာ ၁ဒသမ၃၉ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၇၅ဒသမ ၅၆၂၊ ဧရာဝတီတိုင်း ဟင်္သာတမြို့ရှိ ဖွဲနုဆီစက်အမှတ် (ဝ၅) မြေဧရိယာ ၁၂ဒသမ ဝ၁ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၅၇၈ ဒသမ ဝ၃၃၊ ပဲခူးတိုင်း ဖြူးမြို့ရှိ ဖွဲနုဆီစက်အမှတ် (၁၉) မြေဧရိယာ ၇ဒသမ ၁၇ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၃၈၃ဒသမ ၁၈၈၊ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ အမှတ်(၉)မြို့မရပ်ကွက်ရှိ ဖွဲနုဆီစက်အမှတ် (၁၆) မြေဧရိယာ ၄ဒသမ ၇၅၈ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း၂၀၈ဒသမ ဝ၅၀၊ ပဲခူးတိုင်း ညောင်လေးပင်မြို့ရှိ ဖွဲနုဆီစက်အမှတ် (ဝ၈) မြေဧရိယာ ၁၁ဒသမ ၁၅ဧကကို ကြမ်းခင်းဈေးငွေကျပ်သန်း ၂၆၅ ဒသမ ၇၀၈ဖြင့် လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြေပုံ ရေခဲစက်ရုံ မြေပုံမြို့ မြေဧရိယာ ၁၈ ဒသမ ၈၆ဧကကို ကြမ်းခင်းဈေး ငွေကျပ်သန်း ၂၇ ဒသမ၉၃၉ဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက် မြေဧရိယာ ၁၀ဒသမ ၆၉၂ ဧကကိုကြမ်းခင်းဈေးငွေကျပ်သန်း ၁၃၀၄၄ ဒသမ ၄၉ဖြင့် လည်းကောင်း ရောင်းချသွားမည် ဖြစ်သည်။

ဖွဲနုဆီစက်များနှင့် စပ်လျဉ်း၍ မြေနှင့် အဆောက်အအုံမပါ စက်တစ်မျိုးတည်းသာ ဝယ်ယူလိုလျှင်လည်း လွှဲပြောင်းရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ၂၀၀၈ခုနှစ် ဧပြီ ၇ ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန ရုံးအမှတ်(၃၂) နေပြည်တော်)၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ၂၀၀၈ခုနှစ် ဇွန် ၈ရက်တွင်သာ (တစ်ရက်တည်း) နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

ဝယ်ယူရန် အဆိုပြုသူများ အနက်မူလပိုင်ရှင်သည်တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားတင်ပြရမည်၊ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်လျှောက်ထားရန် ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ရုံး အမှတ် (၃၂)၊ နေပြည်တော် ဖုန်း-၄၀၆၀၀၉ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဗုဒ္ဓယဉ်ကျေးမှုနှင့်နိုင်ငံခြားဘာသာ ပညာဒါနသင်တန်းများ ပို့ချ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံအနောက်ရပ်ကွက် ကျောက်စာတော်ဘုရားလမ်း ပြည်တော်ဦး ဗုဒ္ဓသာသနာ့ရိပ်မွန် ဖွံ့ဖြိုးရေးကျောင်း၌ ပြည်တော်ဦးဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ အရှင်သူမြတ်ဦးဆောင်၍ ငါးနှစ်အောက် မူကြိုကလေးငယ်များအတွက် ဗုဒ္ဓရင်ခွင် မူကြိုကျောင်းကိုလည်းကောင်း၊ မူလတန်းမှ အထက်တန်းအထိ ကျောင်းသူကျောင်းသားများအတွက် ဗုဒ္ဓယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာ သင်တန်းကိုလည်းကောင်း၊ အထက်တန်းအောင်နှင့် ဘွဲ့ရများအတွက် လက်တွေ့အသုံးချ ဗုဒ္ဓဘာသာနှင့် ကိုရီးယားဘာသာများကို လည်းကောင်း ပညာဒါနအဖြစ် သင်ကြားပို့ချလျက်ရှိပြီး သင်ကြားလိုသူများသည် ကျောင်းသို့ဆက်သွယ်စာရင်းပေး သင်ကြားနိုင်ကြောင်းသိရသည်။

(၅၀၆)

ပဲခူးမြို့ ဥသျှောမြို့သစ် ရန်ကုန်-မန္တလေးလမ်းမကြီးရှိ ပညာမွန်ကျောင်းတိုက်အတွင်းဆောက်လုပ်လျက်ရှိသော နှစ်ထပ်ဓမ္မာရုံကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ဆယ်သိန်းကို ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းနေ ဒေါက်တာထွန်းမြင့်-ဒေါက်တာသူဇာမြရွှေ၊ သား မောင်မင်းခန့်ကိုတို့က ပြည်တွင်းပြည်ပသာသနာပြု ပညာမွန်ဆရာတော် ဘဒ္ဒန္တပညာသာမိအား ဆက်ကပ်လှူဒါန်းစဉ်။ (ကုသိုလ်ပါဝင်လိုသူများ ပညာမွန်ကျောင်းတိုက် ဖုန်း-ဝ၅၂-၃၀၂၀၂၊ ဝ၉၅၃၀-၂၁၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။) (က-ပ)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်(၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော စိတ္တာဝိဝေက လေးထပ်ကျောင်းဆောင်တော်ကြီးအတွက်သမိုင်း (၁)ရပ်ကွက်(၁၂)လမ်းနေ ဦးကျင်းယု-ဒေါ်မြချစ်မိသားစုတို့က အလှူငွေကျပ်ငါးသိန်း လှူဒါန်းပြီးတွေ့ရစဉ်။ (က-ပ)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်ကမ်းနားလမ်း စံရိပ်ငြိမ်ကျောင်းတိုက်၌ ဆောက်လုပ်လှူဒါန်းမည့် အနန္တဂုဏ်ရည် သိမ်တော်မြတ်အတွက် သုဝဏ္ဏကောက်လျှင်လမ်းသွယ်(၂) တိုက်(၁၆၆)နေ နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဦးညွန့်ရွှေ- ဒေါ်ခင်စန်းမိသားစုတို့က သိမ်တော်မြတ်အတွက် အလှူငွေကျပ် နှစ်သိန်းလေးသောင်းကို စံရိပ်ငြိမ်ဆရာတော် အရှင်ဇဝန(ပဲခူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၅)ကြိမ်မြောက် နှစ်ပတ်လည် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၃၀ရက်က M3 စားသောက်ဆိုင်၌ကျင်းပရာ အလှူရှင် ဗိုလ်ချုပ်ဈေး ရွှေရည်ပွင့် စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဗိုလ်မှူးသိန်းအောင်၊ ဇနီး ဒေါ်ခင်မေစန်းတို့အားအသင်းနာယက မြန်မာတိုင်းမ်ဂျာနယ်အယ်ဒီတာ ဦးသိန်းအောင်က ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (က-ပ)

ဇန်းမော်အသင်း(ရန်ကုန်)

နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ ။ ။ ၂၆-၄-၂၀၀၈(စနေနေ့)
ကျင်းပမည့်အချိန်။ ။ နံနက် ၉ နာရီမှ ၁၂ နာရီအထိ
ကျင်းပမည့်နေရာ။ ။ ကျောက်စိမ်းတွင်းဓမ္မာရုံ
ရွှေတိဂုံဘုရားတောင်ဘက်မုခ်။

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးနှင့် အောင်မြင်သူများ၏ အမည်စာရင်းကို ဖော်ပြပါအမည်နှင့် ဖုန်းများကို ဆက်သွယ်စာရင်းပေးကြပါရန်။

ဦးစိန်မောင် ဝ၁-၅၄၃၃ဝ၄၊ ဝ၉-၅၁ဝ၆၉ဝ၇
ဦးတင်မောင်အေး ဝ၉-၅၁၆ဝ၅၅၂၊
ဒေါ်ရီရီဝေ ဝ၉-၅ဝဝ၄၃၃၉
(ဇန်းမော်မျှစ်ချဉ်ဆန်ခေါက်ဆွဲဖြင့် ဧည့်ခံပါမည်။)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ကျီတော်ရပ်ကွက်၊ကွက်သစ်လမ်း၊
အမှတ်(၁၃)နေ
ဦးထွန်းအောင်-ဒေါ်ခင်စန်း တို့၏သား
မောင်ဖြိုးဝေအောင်
B.E.(Electronic)(System Support Engineer)
Trane Singapore
နှင့်
ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်(၂)လမ်း၊
အမှတ်(၂၉)နေ
ဦးဌေးမြင့်-ဒေါ်သန်းသန်းဝင်းတို့၏သမီး
မဇွန်မြင့်ဝင်း
B.E.(Electronic)Singapore
တို့သည် ၂၉-၃-၂၀၀၈တွင် စင်ကာပူနိုင်ငံရှိ ဆွေမျိုး မိတ်သင်္ဂဟများ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။
မောင်ဖြိုးဝေအောင်-မဇွန်မြင့်ဝင်း

စိတ်ဝင်စားဖွယ် စက်ရပ်သတင်းစုံလင်စွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဧပြီ ၂၁

ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်ပေါ်ပြင်စေရန် နိုင်ငံရေးပါတီများက အမျိုးသားနိုင်ငံရေးအမြင်များ မည်ကဲ့သို့ထားရှိမည်ဆိုသည့်အပေါ် နိုင်ငံရေးလေ့လာသူများ၏ သုံးသပ်ချက်များ အထူးအလေးပေးတင်ဆက်ထားသော ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၁၅) ယခုတစ်ပတ်ထွက်ရှိလာသည်။

ထို့အပြင် ရန်ကုန်သင်္ကြန်မှာ ကိုကြီးကျော် တောဂေါ်လီ လုပ်၍ပျော်၊ ငွေဇန်းသင်္ကြန် မန်းသင်္ကြန် တူးပို့တေးသံညံခဲ့ပြီ စသည့် ရန်ကုန်၊ မန္တလေး သင်္ကြန်မြင်ကွင်းများ၊ လူသားလား ဂြိုဟ်သားလား ပုသိမ်မြို့နယ်သလပ်ခွာတိုက်နယ်ဆေးရုံ၌ မွေးဖွား၊ မိုးလေဝသသတင်းများကို SMS ဖြင့် ဂျီအက်စ်အမ်ဖုန်းများတွင် ကြေညာပေးမည်၊ ကျောကော့အောင်ပူသည့်နွေ စံချိန်ကျိုးအောင် ပူဦးမှာလား၊ မြန်မာနှင့်လာအိုက ပုဂံနှင့်လန်ပရာဘမ်ကို မြို့တော်ညီအစ်မအဖြစ်သတ်မှတ်ခဲ့၊ မဟာမဲခေါင်ဒေသ သတင်းအချက်အလက် အမြန်ဆက်ကြောင်းစီမံကိန်း မြန်မာ-ထိုင်း ဖိုက်ဘာဆက်ကြောင်း ဧပြီအတွင်း အပြီးသတ်ချိတ်ဆက်မည်၊ ပင်လယ်ဒီရေမှ လျှပ်စစ်ထုတ်ယူနိုင်မှု အကောင်းဆုံးမြို့တွင် ရန်ကုန်ပါဝင်၊ ပဲတန်ချိန်သုံးသိန်းအိန္ဒိယပို့မည်၊မန္တလေးအက်ဖ်အမ်ကို Family Entertaniment ရုပ်သံဖမ်းစက်ဖြင့် ဖမ်းယူနားဆင်နိုင်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ကောလာဟလအကြောင်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာ နောက်ဆုံးစက်ရပ်သတင်းများကိုပါ ထည့်သွင်းဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားတွင် အမြန်ရထားစီမံကိန်းစတင်ရန် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအား ကမ်းလှမ်းခဲ့၊ ကဗျာဆရာ ဘက်ဂျီမင်၏ အချစ်ကဗျာကြောင့် ထင်ပေါ်ကျော်ကြားသူ အမျိုးသမီးကြီးကွယ်လွန်၊ အိမ်သာပေါက်နှင့်ပြတင်းပေါက်များဝင်မိလို့ ငါးထပ်တိုက်ပေါ်က ပြုတ်ကျ၊ အာရှတိုက်သည် ကမ္ဘာပေါ်တွင် တုပ်ကွေးမျိုးသစ် အစပျိုးရာအရပ်ဖြစ်၊ အမေရိကန်ကယ်လီဖိုးနီးယားတွင် ငလျင်ကြီးလှုပ်နိုင်၊ သမီးဦးဆုံးပြီးနောက် သားရှစ်ဦးမိခင် သမီးတစ်ဦးထပ်လိုချင်၊ အငြိမ်းစားသူနာပြု အမျိုးသမီးကိုသတ်သည့် လူသတ်သမားတရားခံအား ဖော်ထုတ်လျက်ရှိ၊ နိုင်ငံတကာမှုခင်းရေးရာ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မုးယစ်ကာင်းစင် အလှဆင်

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့။

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တွန်ပလွန်-သရက်ကုန်း-အနန်းကုန်း ကျေးလက်ကျောက်ချောလမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ ကျေးလက်လမ်းသစ်ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဧပြီ ၂၁

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ဧပြီ ၁၉ရက် ညနေပိုင်းတွင် ရောဝတီတိုင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော တွန်ပလွန်-သရက်ကုန်း-အနန်းကုန်းကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ G

ကြေးမုံ The Mirror ဆောင်း ပါး အ ညွှန်း

ဆောင်းပါးရှင် "လေ့လာသူတစ်ဦး" ၏

"အနှစ်က. . . စေတနာ"

(ဆောင်းပါး) စာမျက်နှာ - ၆

ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။